အဘိဓဇမဟာရဋ္ဌဂုရု

သပြေကန်ဆရာတော်ဘုရားကြီး

အရှင်ဝါသေဋ္ဌာဘိဝံသ

# မရဏာနုဿတိဘာဝနာ

## သံဝေဂဓမ္မကထာများ



၃၆၄
၅

မြတ်ဆုမွန်
စာပေ

အမှတ် ၁၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ - 296034

**စာအုပ်မှတ်တမ်း**

ပထမအကြိမ် - အုပ်ရေ(၁၀၀၀)

ဖေဖော်ဝါရီလ - ၂၀၀၁-ခုနှစ်

တန်ဖိုး - ၁၀၀-ကျပ်

စာမူခွင့်ပြုချက် - ၄၉/၂၀၀၁(၁)

မျက်နှာဖုံးခွင့်ပြုချက် - ၃၄/၂၀၀၁(၁)

**မျက်နှာဖုံးဖန်တီးမှု**

21 st Century

**ကွန်ပျူတာစာစီ**

အောင်ဥက္ကလာ

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြဲ-၀၁၅၁၂)၊

အမှတ်-၈၅၊ စံပယ် ၉-လမ်း၊

၅-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်စိန်(မြဲ-၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်၊

အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင်
ပရိတ်ကြီးနိဿယသစ်နှင့်
ဓမ္မပဒနိဿယသစ်ကျမ်းပြု
သပြေကန်ဆရာတော်ဘုရားကြီး
အရှင်ဝိသေဋ္ဌာဘိဝံသ

ဆုံးမရေးသားတော်မူသော

# မရဏာနုဿတိဘာဝနာ
# သံဝေဂဓမ္မကထာများ

ဤစာမော်ကွန်း၊ ပေါ်ထွန်းရန်မှာ

သဒ္ဒါပွင့်လန်း၊ စာနိဒါန်း

အနန္တ ကျေးဇူးတော်ရှင် အဂ္ဂါဘိဝံဇ
သပြေကန်ဆရာတော်ဘုရားကြီး
အရှင်ဝါသေဋ္ဌာဘိဝံသမထေရ်မြတ်
ဘဝနတ်ကျောင်း ပြောင်းစံတော်မူသော
ခြောက်နှစ်ပြည့်မြောက်သည့်ကာလ
အထိမ်းအမှတ်အဖြစ်
ဤမရဏာနုဿတိကထာဝမ္မစာလွှာကို
စုစည်းစီစဉ် စက်တင်ပုံနှိပ်အပ်ပါသတည်း။

မြတ်ဆုမွန်



## ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
## ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်
## ဦးစီးနာယက ပဓာနဆရာတော် အရှင်ခေမာစာရ၏
## အမှာစာ

---

**မရဏာဿတိ** မရဏာဿတိ=သေခြင်းကိုဆင်ခြင်ခြင်း ဘာဝနာသည် ကုသိုလ်ကံသုံးပါးတို့တွင် မနောကံ၌ပါဝင်သည်။ ပုညကြိယာဝတ္ထု ဆယ်ပါးတို့တွင် ဘာဝနာ၌ ပါဝင်သည်။ ဘာဝနာနှစ်ပါးတို့တွင် သမထဘာဝနာ၌ပါဝင်ပြီး၊ သမထဘာဝနာတို့တွင်လည်း မပြတ်အစဉ်အောက်မေ့ခြင်း အနုဿတိ၌ ပါဝင်သည်။ မရဏာဿတိဘာဝနာသည် စိတ်ဖြင့် မပြတ်အစဉ် အောက်မေ့ပွားများရသော မနောကံကုသိုလ် ဘာဝနာလုပ်ငန်းတစ်ခုဖြစ်၏။

စိတ်ဖြင့်ပွားများရသည်ဟုဆိုသော်လည်း မိမိတို့ကိုယ်တိုင် သောမနဿဉာဏသမ္ပယုတ်ကုသိုလ်ဇောတွေ ရွှန်းရွှန်းဝေဝေဖြစ်၍၊ ကြားနာရသောတစ်ပါးသူကိုလည်း စိတ်နှလုံးရွှင်ပျ ကုသိုလ်တရားတွေတိုးပွားစေရန် နှုတ်ဖြင့်လည်း ရွတ်ဆိုသင့်ပါ၏။

သူတစ်ပါးအကျိုးကိုပါ ပြီးစေတတ်

**အနိစ္စချင်းမတူ** သောကြောင့် နှုတ်ဖြင့်ရွတ်ဆိုရမည်ဟု

ဆိုသော်လည်း စိတ်ဖြင့်ပွားများခြင်း၊ ပညာဖြင့် ဆင်ခြင်ခြင်းမရှိပါမူ မြတ်စွာဘုရား ညွှန်ပြတော်မူသော လိုအပ်သည့်အကျိုးများ ပြီးစေမည်မဟုတ်ပါ။ တစ်ခါက ရွာတစ်ရွာဝယ် အသံကောင်းအပြောအဟောကောင်း ဘုန်းတော်ကြီးတစ်ပါးရှိ၏။ သူဟောပြောပြသသည်ကို ကြားနာရသူတို့မှာ မိခင်ဖခင်စသူတို့သေဆုံးခြင်းကြောင့် သောကပရိဒေဝရောက် အပူမီးတောက်ရာမှ အပူငြိမ်းပျောက် သောကပရိဒေဝတွေခန်းခြောက်၍ ဓမ္မသဘောသို့သက်ဝင်ရခြင်းတို့ကြောင့် ထိုဘုန်းတော်ကြီးသည် တရားဟောကောင်းသော ဓမ္မကထိကတစ်ဆူအဖြစ် ထိုနယ်ပယ်၌ ကျော်ကြားနေ၏။ တစ်နေ့ ထိုဘုန်းတော်ကြီး၏မိခင် ဆုံးပါးသွားရာ ဘုန်းတော်ကြီးမှာ သောကပရိဒေဝကိုမထိန်းနိုင်ဘဲ ရှိုက်ကြီးတငင်ငိုကြွေးတော့၏။ ဒကာဒကာမများက ဘုန်းတော်ကြီး၏ သောကပရိဒေဝပျောက်ရန် အမျိုးမျိုးအားပေးနှစ်သိမ့်ကြ၏။ 'အရှင်ဘုရား၊အရှင်ဘုရားသည် အားလုံးသခါရတွေပဲ၊ ဖြစ်ဖြစ်သမျှအနိစ္စချည်းပဲဟု ဟောကြားထား

တော်ကြီးက 'ဟ...မတူသေးဘူးကွယ့်၊ ငါ ဟောတာက မင်းတို့အမေအနိစ္စ၊ ခုဟာက ငါ့အမေအနိစ္စ'ဟု ပြောဆိုပြီး ပို၍ပင်ငိုကြွေးပါတော့သည်။ ဤအဖြစ် အပျက်မှာ မရဏာသတိကို နှုတ်ဖြင့်သာ ရွတ်ဆိုဟော ပြောနေပြီး စိတ်ဖြင့်အဖန်ဖန်မပွားများဘဲ ဉာဏ်ဖြင့် မဆင်ခြင်ခြင်းတို့ကြောင့်ဖြစ်သည်။ သို့ပါ၍ သေခြင်း မရဏာတရားကို စိတ်ဖြင့်မပွားများ ဉာဏ်ဖြင့်မဆင်ခြင် လျှင် မြတ်စွာဘုရားညွှန်ပြသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်မဟုတ်ပါချေ။

**မရဏာလေးမျိုး** မရဏာသည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်တို့၏ ဝဋ်ဒုက္ခပြတ် ကင်း၍ပရိနိဗ္ဗာန်စံဝင်ခြင်းဟူသော သမုစ္ဆေဒမရဏာ၊ ရုပ်နာမ်သင်္ခါရတို့၏ပျက်ခြင်းခဏဟု ဆိုအပ်သော ခဏိကမရဏာ၊ သံသေသည်, ပြဒါးသေ သည်,သစ်ပင်သေသည်စသည်ဖြင့် လူတို့ခေါ်ဝေါ် ပြော ဆိုသမုတ်ခြင်းဟူသောသမ္မုတိမရဏာ၊ တစ်ဘဝ၌အကျုံး ဝင်သော ဇီဝိတိန္ဒြေပြတ်စဲခြင်းဟူသော ဇီဝိန္ဒြေယုပစ္ဆေဒ မရဏာဟု မရဏာလေးမျိုးရှိ၏။

သမုစ္ဆေဒမရဏာသည် အများနှင့်မသက်ဆိုင်

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသခင်တို့နှင့်သာ သက်ဆိုင်၏။ ခဏိကမရဏာသည်လည်း ဝိပဿနာဉာဏ်စဉ် ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်တို့သို့ရောက်မှသာ ထင်မြင်နိုင်၏။ သမ္မုတိမရဏာသည်လည်း သံဝေဂဖြစ်ဖွယ်မဟုတ်။ ထို့ကြောင့် ဇီဝိန္ဒြေယုပစ္ဆေဒမရဏာသည်သာ အများနှင့်လည်းဆိုင် ထင်မြင်ဖွယ်လည်းရှိ သံဝေဂဉာဏ်ဖြစ်ပွားခြင်း၏အားကြီးသောအကြောင်းဖြစ်ရကား ထိုဇီဝိန္ဒြေယုပစ္ဆေဒမရဏာကိုသာ အဖန်ဖန်အောက်မေ့ရှုဆင်ခြင်ပြီး မရဏာနုဿတိဘာဝနာကိုပွားများကာ အကျိုးထူးတို့ကို ယူရမည်ဖြစ်ပါ၏။

**မနက်ဖြန်ကအဝေးကြီး**
**နောက်ဘဝကအနီးလေး**

မရဏာနုဿတိဘာဝနာသည် ကုသိုလ်တရား တိုးပွားစေပြီး၊ ဝတ္ထုအာရုံကာမဂုဏ် အရာရာကို တွယ်တာလိုက်စားလိုသော သဘာဝနှင့်သူတစ်ပါးပျက်စီးစေရန် ကြံစည်ခြင်းစသည်တို့မှ နည်းပါးနည်းပါးပြီး အကုသိုလ်တရားကို ရှောင်ရှားနိုင်ရကား မျက်မှောက်တမလွန် နိဗ္ဗာန်တိုင်အောင်သောချမ်းသာကိုဆောင်နိုင်၏။ အသက်ရှည်ခြင်းကြောင့်ဖြစ်သော မာန်ယစ်ခြင်းမှ ကင်းရကား

အချို့သော သူတော်ကောင်းပညာရှိကြီးတို့သည် 'မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း အသက်သေနိုင်သည်' 'မနက်ဖြန်ဆိုတာအဝေးကြီး နောက်ဘဝဆိုတာ အနီးလေး'ဟုဆင်ခြင်၍အကုသိုလ်တရားတို့ကို ရှောင်ရှားခဲ့ကြသည်။ မှန်၏။ မနက်ဖြန်ဆိုသည်မှာ နာရီအားဖြင့် နှစ်ဆယ့်လေးနာရီ၊ မိနစ်အားဖြင့် တစ်ထောင့်လေးရာလေးဆယ် လိုသေးသည်ဟုဆိုနိုင်ပြီး မနက်ဖြန်ရောက်လာဖို့ကို ယနေ့နေဝင်ပြီး တစ်ညဥ့်လုံးအိပ်၍နောက်နေ့ အရုဏ်တက်သည်အထိ စောင့်ရဦးမည်။ နောက်ဘဝကား မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာပင် ရောက်နိုင်ရကား စောင့်စရာမလို။

**ပညာတိုးပွားစေသည်** ဘာဝနာတို့တွင် မရဏာဿတိဘာဝနာသည်ပုဂ္ဂိုလ်အားလုံးတို့နှင့်သင့်လျော်ပြီး၊ ပညာစရိုက်ရှိသူတို့နှင့် ပို၍ပင်သင့်လျော်၏။ ပညာဉာဏ်ကို ပို၍ပို၍တိုးပွားစေပါ၏။ ဘုရားရှင်လက်ထက်တော်အခါက ရက်ကန်းသည်မလေးတစ်ဦးသည် အာဠဝီပြည်၌ ဘုရားရှင် တရားဟောကြားတော်မူသောအခါ မရဏာဿတိတရားကိုနာယူခဲ့၏။ အခြားသူတို့မှာ ပြီးပြီးပျောက်

ပျောက် အမှတ်မထားကြသော်လည်း ထိုရက်ကန်းသည် မလေးမှာ နေ့ရောညပါအချိန်ရတိုင်း မရဏာဿတိ ဘာဝနာကိုပွားများနေခဲ့၏။ ထိုဘာဝနာ၏အစွမ်းကြောင့် အသိဉာဏ်အမြင်တိုးကာ သုံးနှစ်ခန့်အကြာ အာဠဝီပြည်သို့ ဘုရားရှင် ပြန်ကြွလာသောအခါ ဘုရားရှင် မေးသော 'မိန်းကလေး ဘယ်ကလာတာလဲ၊ ဘယ်သွားမှာလဲ၊ မသိဘူးလား၊ သိပြီလား' ဟူသော မေးခွန်းလေးခုကို ဘုရားရှင်အလိုကျ ဖြေဆိုနိုင်ခဲ့၏။ ပဋာစာရီထေရီ, ကိသာဂေါတမီထေရီစသည်တို့လည်း မရဏာဿတိကို အခြေခံကာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရ၍ နိဗ္ဗာန်သို့ဝင်နိုင်ခဲ့ကြ၏။ မရဏာဿတိကိုပွားများခြင်းသည် ကာမဆန္ဒ စသော နီဝရဏအမိုက်တိုက်တို့ ကင်းစေသည်ဖြစ်ရာ၊ အဝိဇ္ဇာဉာဏ်အလင်းပေါက်၍ ပညာတိုးပွားခြင်းသည် သဘာဝကျလှပါ၏။

ထိုသို့အကျိုးများသောဘာဝနာ

**လူတိုင်းအတွက်ဘာဝနာ** ကိုဗုဒ္ဓဘာသာဝင်ဖြစ်စေ, မည်သည့်ဘာသာဝင်ပင်ဖြစ်စေ လူတိုင်း ပွားများဆင်ခြင် အောက်မေ့ထိုက်၏။ ပွားများဆင်ခြင်ပါက ချစ်ခင်သောသူတို့နှင့် ကွဲကွာရခြင်းစသော

ဘေးတို့နှင့်ကြုံသောအခါ ခံနိုင်ရည်ရှိပြီး သက်သာမှု ရနိုင်၏။ မိမိကိုယ်တိုင် သေဘေးနှင့်ကြုံရသောအခါ ရဲရဲကြီးရင်ဆိုင်နိုင်၏။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ထီးတန်းလမ်းနေ ဒေါ်ခင်ကြည်သည် မရဏာဿတိဘာဝနာကို မကြာမကြာပွားများနေခဲ့၏။ သေခါနီးကာလ ရောဂါဖြစ်၍ ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ဆေးကုသမှုခံယူစဉ်ပင် မရဏာဿတိဘာဝနာကို ဆင်ခြင်နေခဲ့၏။ တစ်ညဆေးရုံတွင် အခန်းချင်းကပ်နေသော လူနာတစ်ယောက် သေဆုံးရာ ပြုစုသူသားသမီးများက ဒေါ်ခင်ကြည် မသိစေရန် ကက်ဆက်တရားခွေကို အသံကျယ်ကျယ်ဖွင့်လိုက်၏။ ဒေါ်ခင်ကြည်က 'ဘာလို့ အသံအကျယ်ကြီးဖွင့်တာလဲ၊ ဟိုဘက်ခန်းကလူနာသေပေမယ့် အမေမကြောက်ပါဘူး၊ မသေတဲ့သူ ဘယ်ရှိမှာလဲ' စသည်ဖြင့်ပြောဆိုကာ 'သူ့လိုရောဂါမျိုး ကမ္ဘာသူကမ္ဘာသားတွေဘယ်သူမှမဖြစ်ပါစေနဲ့' ဟုပင် ဆုတောင်းမေတ္တာပြုလိုက်သေး၏။ ဒေါ်ခင်ကြည်သည် မရဏာဿတိဘာဝနာဖြင့် သေမင်းကို ရဲရဲကြီးရင်ဆိုင်သွားတော့၏။ လောက၌ မသေသောသူမည်သည်မရှိ။ ချစ်ခင်သောသူတို့နှင့် မကွဲကွာရသောသူမည်သည် မရှိနိုင်။ အခြံအရံ

များသူ ဘုန်းကံကြီးမားသူ အားအစွမ်းကြီးသူ တန်ခိုးကြီးသူ ပညာကြီးသူ ရဟန်းရှင်လူမည်သူမဆို သေရမည်ချည်းသာ။ ထို့ကြောင့် လူတိုင်းလူတိုင်း မရဏာဿတိဘာဝနာကို ပွားများအားထုတ်ကြရာ၏။

**သပြေကန်ဆရာတော် ပညာကရဏာ**

ရဟန်းရှင်လူမည်သူမဆို ပွားများထိုက်သော မရဏာဿတိဘာဝနာကို နိုင်ငံတော်သြဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရုရွှေကျင်နိကာယဥပဥက္ကဋ္ဌ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးသည်လည်း ပွားများဆင်ခြင်လျက်သာ။ ဤမရဏာနုဿတိဘာဝနာ သံဝေဂကထာအချို့ကား ကိုယ်တော်တိုင် သံဝေဂဉာဏ်ပွားများ ရေးသားခြင်းဖြစ်ပါ၏။ အချို့ကား လျှောက်ထားတောင်းပန်သူရှိသဖြင့် ကရုဏာတရားရှေ့ထားကာ ရေးသားပေးခြင်း၊ သံဝေဂဉာဏ်ယူစေခြင်းဖြစ်ပါ၏။ ဆရာတော်ကြီးသည် ဤမရဏာနုဿတိဘာဝနာကို အားထုတ်သဖြင့် ဆရာတော်ကြီးမှာ လောကအပူ သောကအပူတို့ ထိုက်သင့်သလို ငြိမ်းနေသည်ကို ဆရာတော်ကြီးအား ဖူးမြင်ကြသူ ဒကာ ဒကာမများ ကိုယ်တွေ့ပင်။ ဆရာတော်ကြီး ဟော

ပြောပြသ ရေးသားပေးခြင်းဖြင့် မိဘဆွေမျိုးစသည်တို့ သေခြင်းကြောင့်ပူဆွေးသောကရောက်နေသူများ သောက ကင်းပျောက် အပူတွေငြိမ်း၍ အရှုံးထဲမှအမြတ်ရှာနိုင်သူ များပြားစွာရှိခဲ့ပါ၏။ ဤသည်တို့ကား သပြေကန်ဆရာ တော်ဘုရားကြီး၏ပညာ ကရုဏာတော်ကြောင့်ပင် ဖြစ်ပါတော့၏။

**တစ်ဦးကသဒ္ဓါ**
**တစ်ဦးကစေတနာ**

သပြေကန်ဆရာတော် အရှင်မြတ်ကြီးသည် ဤ မရဏာနုဿတိ ဘာဝနာသံဝေဂဓမ္မကထာများကို စာတစ်အုပ်အဖြစ် ရည်ရွယ်ခြင်း မရှိခဲ့ပါ။ ကိုယ်တော်တိုင်သံဝေဂယူခြင်းနှင့် သူတစ်ပါး တို့အား ဟောပြောခြင်း၊ တောင်းဆိုသူတို့အတွက်ရေးသား ပေးခြင်းမျှသာဖြစ်ပါ၏။ သို့ပါသော် ဤကျမ်းစာသည် ရဟန်းရှင်လူ လောကသားဟူသမျှတို့အား အကျိုးများ မည်ကို သိရှိကြသော ရွှေကျင်ကျောင်းတိုက် သာသနာ့ ပါလကအဖွဲ့နှင့် မြတ်ဆုမွန်တို့ ပေါင်းဆုံမိကြရာ မြတ်ဆု မွန်၏ဆရာတော်ကြီးအားကြည်ညိုခြင်း သာသနာတော် အား ကျေးဇူးဆပ်လိုခြင်းဟူသောသဒ္ဓါ၊ ရွှေကျင်ကျောင်းတိုက် သာသနာ့ပါလကအဖွဲ့၏စေတနာတို့ကြောင့် ဤစာအုပ် သည် စာရှုသူလက်သို့ ဆိုက်ရောက်နိုင်ခြင်း ဖြစ်ပါ၏။

**ပတ္တနာ** ဤစာရေးသူအနေဖြင့် 'ဤကျမ်းစာစု၊ သိအောင်ပြု၍၊ ကျင့်မှုလည်းပါ၊ မြတ်ချမ်းသာ၊ ကေန်ရစေသောဝ' ဟူသောကဗျာလေးဖြင့်စာရှုသူအတွက် ပတ္ထနာပြုကာ ဤအမှာကို နိဂုံးပြုလိုက်ပါသတည်း။

**အရှင်ခေမာစာရ**
**ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်**
**မင်္ဂလာတောင်ညွန့်.မြို့.နယ်၊**
**ရန်ကုန်တိုင်း။**

[၁]

# မရဏာနုဿတိဘာဝနာ ဩဝါဒကထာ

---

**ယထာပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။**

**ခုဒ္ဒကဉ္စ မဟန္တဉ္စ၊ ယံပက္ကံ ယဉ္စ အာမကံ။**

**သဗ္ဗံ ဘေဒနပရိယန္တံ၊ ဧဝံ မစ္စာန ဇီဝိတံ။**

ကုမ္ဘကာရဿ=အိုးထိန်းသည် အိုးလုပ်သားသည်။ ကတံ=ပြုလုပ်ထားအပ်သော။ ခုဒ္ဒကံ=ငယ်သော။ ယံ မတ္တိကဘာဇနံစ=အကြင်မြေအိုးခွက်သည်လည်းကောင်း။ မဟန္တံ=ကြီးမားသော။ ယံ မတ္တိကဘာဇနံစ=အကြင်မြေအိုးခွက်သည်လည်းကောင်း။ ပက္ကံ=ဖုတ်၍ကျက်လေပြီးသော။ ယံ မတ္တိကဘာဇနံ=အကြင်မြေအိုးခွက်သည်လည်းကောင်း။ အာမကံ=မဖုတ်ရသေးတဲ့အစိမ်းသက်သက်သာဖြစ်သော။ ယံ မတ္တိကဘာဇနံစ=အကြင်မြေအိုးခွက်သည်လည်းကောင်း။ အတ္ထိ=ရှိပါ၏။ သဗ္ဗံ=အလုံးစုံကုန်သော အကြီးအငယ် အစိမ်းအကျက်

အိုးခွက်မှန်သမျှသည်။ ဘေဒနပရိယန္တံ=ပျက်စီးရခြင်း လျှင် အဆုံးရှိချေသည်။ ယောတိယထာ=ဖြစ်လေဘိ သကဲ့သို့။ ဧဝမေဝ= ပမာထားယူ ထို့အတူသာလျှင်။ မစ္စာနံ=သူသူငါငါ သတ္တဝါမှန်သမျှတို့၏။ ဇီဝိတံ=ရုပ် နာမ်နှစ်ချက် ဇီဝိတသည်လည်း။ ဘေဒနပရိယန္တံ= ပျက်စီးရခြင်းလျှင် အဆုံးရှိချေ၏။

ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူသော ဒေသနာတော်အရ အိုးထိန်းသည်အိုးလုပ်သားများပြုလုပ် ထားသော အိုးတွေမှန်သမျှ ခွက်တွေမှန်သမျှ ကြီးသည် ဖြစ်စေ ငယ်သည်ဖြစ်စေ စိမ်းသည်ဖြစ်စေ ကျက်သည် ဖြစ်စေ အားလုံးအကြီးအငယ်အစိမ်းအကျက် အိုးခွက် မှန်သမျှဟာ ပျက်စီးရခြင်း ပြိုကွဲရခြင်းလျှင် အဆုံးရှိ သကဲ့သို့၊ ထို့အတူ သူသူငါငါ သတ္တဝါမှန်သမျှတို့၏ ခန္ဓာ သည်လည်း ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ဥစ္စာ ရှိသည်ဖြစ်စေ ဥစ္စာမဲ့သည်ဖြစ်စေ ပညာရှိသည်ဖြစ်စေ ပညာမဲ့သည်ဖြစ်စေ တန်ခိုးကြီးသည်ဖြစ်စေ တန်ခိုး ငယ်သည်ဖြစ်စေ ဘယ်လိုပင်ကွဲကွဲ သေရခြင်း ပျက်စီး ရခြင်းသဘော အတူတူချည်းပါပဲ။ ဒီသဘာဝမှ လွန် မြောက်နိုင်အောင် ဘယ်သူမှ မတတ်နိုင်ကြပါဘူး။

နတ်လူတို့၏ဆရာ သမ္မာသမ္ဗုဒ္ဓရှင်တော်မြတ်

ဘုရားသော်မှ ပရိနိဗ္ဗာန်စံဝင်တော်မူရသေးတယ်။ သခင်ါရ ဘုရားမှန်သမျှ ပျက်စီးတတ်သော မမြဲသော သဘော သဘာဝရှိကြသည့်အတိုင်းပင်၊ ဤသဘာဝကိုလွန် မြောက်ခြင်းငှာ မတတ်နိုင်ရာ၍ ဘဝတစ်ပါးသို့ပြောင်း သွားကွယ်လွန်ခဲ့ကြရသူတို့ကိုအကြောင်းပြုပြီး မိမိတို့ လည်း မရဏာနုဿတိဘာဝနာကို ပွားများလိုက်ကြ ပါစို့။

## မရဏံ မေ ဘဝိဿတိ။

မေ=ငါခုမျက်မြင်အသက်ရှင်လျက်ရှိသောအကျွန်ုပ် ၏။ မရဏံ=လူ့အနေမှ စုတေရခြင်းသည်။ ဘဝိဿတိ= တစ်နေ့သောခါ ဖြစ်လိမ့်မှာ မုန်စွာမလွဲပါတကား။

- မရဏမင်း သူ့လက်တွင်းသို့၊
  သက်ဆင်းရမှာ မလွဲသာသည်၊
  သူငါကြွ်ရ သဘာဝမို့၊
  ဤငါတွက်တာ တစ်နေ့ခါ၊
  သေမှာမလွဲပါတကား။

## ဇီဝိတံ မေ နိရုဇ္ဈိဿတိ။

မေ=ငါခုမျက်မြင်အသက်ရှင်လျက်ရှိသောအကျွန်ုပ် ၏။ ဇီဝိတံ=ရုပ်နာမ်နှစ်ချက် အသက်ဇီဝိတသည်။

နိရုဇ္ဈိဿတိ= တစ်နေ့သောခါ ချုပ်လိမ့်မှာ မှန်စွာမလွဲပါတကား။

- ရုပ်နာမ်နှစ်ချက် ငါ့အသက်မှာ၊
  မပျက်ရှည်ကြာ မတည်သာခဲ့၊
  သေခါချိန်ရောက် သရုပ်ဖောက်၊
  ချုပ်ပျောက်လိမ့်မည်ပါတကား။

**ယထာယံ မတော တထာ မယမ္ပိ**
**ဧဝံဓမ္မာ ဧဝံဘာဝီ ဧဝံအနတီတာ။**

အယံ=ဤပုဂ္ဂိုလ်သည်။ မတောယထာ=စုတိကမ္မဇရုပ် ဝိညာဏ်ချုပ်၍ စုတိရဘိသကဲ့သို့။ မယမ္ပိ=သေမင်းအစာ ခန္ဓာလက်ရှိဖြစ်ရကုန်သော အကျွန်ုပ်တို့သည်လည်း။ ဧဝံဓမ္မာ=ဤကဲ့သို့ပင် သေခြင်းသဘောရှိကြလေကုန်၏။ ဧဝံဘာဝီ=သူ့ကဲ့သို့ပင် သေရမှာမလွဲပါတကား။ ဧဝံအနတီတာ=သူ့ကဲ့သို့ပင် သေခြင်းသဘောကို မလွန်မြောက်နိုင်ပါတကား။

- ဤ(ပုဂ္ဂိုလ်)သည်၊ ဇီဝိန်ပျက်ကြွေ၊
  အခြေမလှ၊ သေခဲ့ရသို့၊
  ထို့အတူသာ၊ ငါတို့မှာလဲ၊
  ခန္ဓာရွေ့ရ သေနေ့ကျ၊
  သေရမည်ချည်းပါတကား။

**သဗ္ဗေသတ္တာ မရိဿန္တိ၊ မရဏန္တနှိ ဇီဝိတံ။**
**ယထာကမ္မံ ဂမိဿန္တိ၊ ပုညပါပ ဖလူပဂါ။**

သဗ္ဗေသတ္တာ=သတ္တဝါမှန်သမျှတို့သည်။ မရိဿန္တိ=တစ်နေ့သောအခါ သေရမှာ မှန်စွာ မလွဲပါတကား။ ဇီဝိတံ=သူ့အသက် ငါ့အသက် ရုပ်နာမ်နှစ်ချက် အသက်ဇီဝိတသည်။ မရဏန္တံ=သေရခြင်းလျှင် အဆုံးရှိချေ၏။ ယထာ ကမ္မံ ဂမိဿန္တိ၊ ပုညပါပ ဖလူပဂါ=အဲသလိုဖြစ်နေကြတဲ့ လူသားသတ္တဝါတွေအဖို့ ကိုယ့်ကံအလိုက်သွားကြရမှာချည်းပဲ။

ခန္ဓာတရားသည် အနိစ္စ–အမြဲမရှိ။ ခန္ဓာတရားသည် ဒုက္ခ–ဆင်းရဲတဲ့သဘောရှိ၏။ ခန္ဓာငါးပါးတို့၏ သဘောသဘာဝကိုပြလို၍ သေကြေပျက်စီးခြင်းသို့ ရောက်ရသည့် ဒီလမ်းဟာတစ်ဦးတည်းသာ တစ်ယောက်တည်းသာ ဆိုက်ရရောက်ရသည့်လမ်းမဟုတ်ဘူး။ အားလုံးသော သူသူငါငါသတ္တဝါအားလုံး အသက်အားလျော်စွာ, ကံအားလျော်စွာ, အသက်ကံအားလျော်စွာ, ဥပစ္ဆေဒက ကံအားလျော်စွာ, ကိုယ့်ကံအားလျော်စွာ, ကိုယ့်အမှုအလျောက် တစ်နေ့ကျရင် အဲဒီသဘာဝလမ်းကို လိုက်ကြရမှာချည်းပဲ။ ဒီသဘာဝကိုလွန်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ ဘယ်မှာမှမရှိဘူး။

အမှတ် .... ..... .....
ရက်စွဲ

**နုရာမှ...အို၊ အိုရာမှ နာ၊ နာရာမှ သေ၊**
**အခြေမလှ သကြာ၍**
**ဝဋ်ကပေးသည့် ဒုက္ခပါတကား။**

သူသူငါငါ သတ္တဝါမှန်သမျှ ငယ်ငယ်တုန်းကတော့ နုနုနယ်နယ်၊ နုနုနယ်နယ်ကနေ တော်တော်ကြာ အိုလာ၊ အိုရာကနေ တော်တော်ကြာနာလာ၊ နာရာကနေပြီးတော့ သေသွားရ။ အဲဒါဟာ ဘယ်သူမပြု မိမိမှုပဲ။ ဘယ်သူကမှပြုတဲ့ အမှုမဟုတ်၊ မိမိအမှု။

ဝဋ်ကပေးသည့်ဒုက္ခပါတကားဆိုရာမှာ ဝဋ်ဆိုတာက ကမ္မဝဋ်။ ကိုယ်ပြုထားတဲ့ကုသိုလ်ကံ အကုသိုလ်ကံတွေက ဖန်တီးပေးလိုက်တာ။ ဝဋ်ကပေးတဲ့ဆင်းရဲနဲ့တွေ့ရင် မကောင်းတဲ့ဝဋ်ကပေးလိုက်တဲ့ဒုက္ခပဲ၊ ချမ်းသာတယ်ဆိုရင်လဲ လူ့ဘဝလူဖြစ်ပြန်တယ်ဆိုရင်လဲ ချမ်းသာတစ်ပဲ ငရဲတစ်ပိဿာဆိုတာလို ဆင်းရဲတဲ့ခန္ဓာကိုယ်ကြီး ပြန်ဖြစ်တာပါပဲ။

ဒီခန္ဓာကိုယ်ကြီးကို တစ်ခဏလေးမျှ ကျန်းမာပါတယ်လို့ ဝန်ခံလို့ရှိရင် အဲဒီဝန်ခံတဲ့ပုဂ္ဂိုလ်ဟာ မိုက်လို့ပဲတဲ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခန္ဓာကိုယ်ကြီးဟာ ဘယ်တော့မှ မကျန်းမာဘူး၊ အမြဲတမ်း နာ–နေတဲ့ခန္ဓာကိုယ်ကြီး။ ငါ့ကိုယ်ငါ ကျန်းမာတယ်လို့

၂၆၅၈၇

ထင်လို့ရှိရင် ပြောလို့ရှိရင် အဲဒီပြောတဲ့ပုဂ္ဂိုလ်ဟာ မိုက်လို့ ပြောတာ။ ဟုတ်တာပဲ၊

ဒါကြောင့် ခန္ဓာကိုယ်ကြီးဟာ မိမိအလိုလိုက်တာ မဟုတ်တော့ တစ်နေ့ကျရင် အိုခြင်းကြုံရ, သေခြင်း ကြုံရ,အဲဒီ အိုနာသေရေးကြုံရခြင်းဟာအဆန်းမဟုတ်ဘူး။ ပုဂ္ဂိုလ်တိုင်း သတ္တဝါတိုင်း ကြုံရမှာချည်းပဲ။

**ခန္ဓာငါးရပ်၊ သူ့သတ်ငါးတန်၊**
**လက်ခံခဲ့ချေ၊ တို့တစ်တွေကား၊**
**မသေချင်ပါ၊ မနာချင်လို့၊**
**မအိုချင်ကြ နေမရ၊**
**သေရ+နာရ+အိုရမည်ပါတကား။**

မိမိတို့က ခန္ဓာငါးပါးတည်းဟူသော သူ့သတ်သမား ကြီးတွေကို လက်ခံထားတာ။ ဘုရားရှင်က ခန္ဓာငါးပါး ဆိုတာ သူ့သတ်သမားကြီးတွေ။ အဲဒီသူ့သတ်သမား ကြီးတွေကို မိမိတို့က လက်ခံထားတော့ မအိုချင်လို့ မနေရ၊ မနာချင်လို့မနေရ၊ မသေချင်လို့ မနေရ၊ အိုရ- နာရ-သေကြရမယ်။

ကွယ်လွန်ခြင်းဟာ ဘယ်သူမပြုမိမိအမှုပဲ။ မိမိပြုတဲ့ အဝိဇ္ဇာ တဏှာ ကံ ဉပါဒါန်ဟူသော တရားတွေ။ အဲဒီ တရားတွေကြောင့် အိုခြင်းသို့ရောက်ရ၊ နာခြင်းသို့ ရောက်

ရ၊ သေခြင်းသို့ရောက်ရ၊ သဘာဝအတိုင်းပဲ။ ဘယ်သူမှ ပြုပြင်လို့မရဘူး။ ဘယ်သူမှ တားဆီးလို့လဲ မရဘူး။ အဲဒီသဘာဝအတိုင်းဖြစ်တာကို ဘာမှစိုးရိမ်စရာလဲ မရှိဘူး။ ကြောင့်ကြစရာလဲမရှိဘူး။ ဩော်...ဖြစ်မြဲတိုင်း, ဖြစ်ရိုးတိုင်း ဖြစ်ရခြင်းပါလားလို့ တရားနဲ့ဖြေပြီးတော့ သတိတရားနဲ့ ထိန်းသိမ်းကြရမယ်။

ကုသိုလ်တွေပြုထားရင် ကောင်းတဲ့ဘဝရောက်မယ်။ အကုသိုလ်ကံတွေပြုထားရင် မကောင်းတဲ့ဘဝရောက်မယ်။ ဒီတော့ အသေလှအောင် ကုသိုလ်ကံတွေကို ကြိုးစားပြီတော့ ထူထောင်ကြ ပြုကြရတယ်။

လောကမှာ သေခြင်းဆိုတဲ့သဘောတရားကလဲ မမျှော်လင့်ဘဲနဲ့ အချိန်မရွေးရောက်နိုင်တာမို့လို့ ဘယ်အသက်ဘယ်အရွယ်မှာ သေရမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ဘယ်ရောဂါနဲ့ သေရမယ်ဆိုတာလဲ ဘယ်သူမှမသိနိုင်ဘူး။ ဘယ်အချိန်မှာ သေမယ်ဆိုတာလဲ မသိနိုင်ဘူး။ ဘယ်သင်္ချိုင်းမှာ ငါ့ရဲ့ကိုယ်ကို မြှုပ်နှံရမယ်ဆိုတာလဲ မသိနိုင်ကြဘူး။

သို့သော်လဲ ဒီလိုပဲ ဘဝဆိုတာက ဘာမှကြိုပြီးသိရတာမဟုတ်တော့ တကယ်လို့များ မဖြစ်သော်ရှိ ဖြစ်သော်ရှိ တိမ်းပါးသွားရင် ကောင်းရာရောက်အောင်၊ ကောင်းတဲ့

ဘဝရောက်နေရင်လဲ ကောင်းသထက်ကောင်းအောင် ဆိုပြီးတော့ ကုသိုလ်တွေပြုပြီးတော့ဆောင်ရွက်ကြရတာပဲ။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်သူတော်စင်တို့က ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သွားတယ်ဆိုရင် ဆောင်ရွက်နေကျတာဝန်အရ ကုသိုလ်တွေပြုပြီးတော့ အမျှအတန်းပေးဝေကြတယ်။ အမျှအတန်းပေးဝေတာဟာ သူ့အတွက်ပြုရမယ့်တာဝန်ကို ဆောင်ရွက်ခြင်းပဲလို့ သဘောထားရမယ်။ နောက်ပြီး ဒီလမ်းဟာ တို့လဲ တစ်နေ့သွားရမယ့်လမ်းပဲ။ ဒါကြောင့် မကွယ်လွန်ခင်က ကောင်းမှုတွေကြိုးစားကြရမယ်၊ကုသိုလ်တည်းဟူသောအထုပ်ကြီးကြီး ကုသိုလ်အထုပ်များများ ထုပ်ကြမယ်ဆိုတဲ့ ယောနိသောမနသိကာရထား၍ ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

[မြတ်ဆုမွန်မဂ္ဂဇင်း၊ ၁၉၉၄–ခု၊ စက်တင်ဘာလမှ။]

[၂]

# မရဏာနုဿတိကထာများ

**အ,ဓုဝံ မေ ဇီဝံ။**

မေ=မရဏာဖက် ကျ,မသက်ဘိသက်ရှိဖြစ်နေသော ငါ၏။ ဇီဝံ=ရုပ်နာမ်နှစ်ချက် အသက်ဇီဝိတသည်။ အ,ဓုဝံ=တစ်နေ့ကျလျှင် ပျက်ရမလွဲ မမြဲပါတကား။

● ငါ့သက်ဇီဝ၊ တည်မရခဲ့၊
မချသေချာ တစ်နေ့ခါ၊
ပျက်မှာမလွဲပါတကား ၊

**ဓုဝံ မေ မရဏံ။**

မေ=ခန္ဓာဘိဇ္ဈန အနိစ္စဖြင့် စိတ်မချရသောငါ၏။ မရဏံ=ဤဘဝမှ လျောကျစုတေ အခြေမလှသေရခြင်း သည်။ ဓုဝံ=ရှောင်မရသာ ခွာမရမြဲ မလွဲမုချပါတကား။

● မရဏမင်း၊ သူ့လက်တွင်းသို့၊
သက်ဆင်းရမှာ ငါ့တွက်တာ၊
ရှောင်ခွာမရပါတကား။

**အဝဿံ မယာ မရိတဗ္ဗမေဝ။**

မယာ=သေမင်းအစာ ခန္ဓာဖက်မိ အသက်ရှိနေသောငါသည်။ အဝဿံ=လွတ်နိုင်ဖို့ရေး မျှော်တွေးမဖြစ် စင်စစ်အမှန်ပင်။ မရိတဗ္ဗမေဝ=အခြေမလှ သေရမည်မှာ ကျိန်းသေမုချပါတကား။

- သေချိန်စေ့တဲ့၊
  တစ်နေ့သောခါ ဤသည့်ငါ၊
  သေမှာမလွဲပါတကား။

**ယထာယံ မတာ(တော) တထာ မယမ္ပိ မရိဿာမ။**

အယံ=ဤပုဂ္ဂိုလ်သည်။ မတာယထာ=ဤလူ့ပြည်မှ နေမရချေ သေရလေသကဲ့သို့။ မယမ္ပိ=သေမင်းနယ်တွင် အဝင်အပါ တို့သူငါတို့သည်လည်း။ တထာ=အနိစ္စခန်း သူ၏လမ်းသို့ မြန်းဖို့သေချာ သူ့အတူသာလျှင်။ မရိဿာမ=တစ်နေ့နေ့၌ တွေ့ရစမြဲ မလွဲမုချသေကြရဦးမှာတကား။

- ဤပုဂ္ဂိုလ်မှာ၊
  ခန္ဓာကြွေရ၊ ခြေမလှဘဲ၊
  သေရသလို၊ ရုပ်ကိုယ်နာမ်သာ၊
  တို့သူငါလဲ ခန္ဓာစဲ၊
  သေပွဲဝင်ရမှာပါတကား။

**သဗ္ဗေ သင်္ခါရာ အနိစ္စာ။**

- ရုပ်နာမ်နှစ်ဝ၊ သင်္ခါရတို့၊
ဖြစ်ကမလွဲ ပျက်စမြဲ၊
အမြဲမရှိပါတကား။

**သဗ္ဗေ သင်္ခါရာ ဒုက္ခာ။**

- ရုပ်နာမ်နှစ်ဝ၊ သင်္ခါရကား၊
ဖြစ်လားပျက်လား၊ လွန်ဖောက်ပြားလျက်၊
နှိပ်စက်မလွဲ လွန်ညှဉ်းဆဲ၊
ဆင်းရဲဒုက္ခပါတကား။

**သဗ္ဗေ သင်္ခါရာ အနတ္တာ။**

- ရုပ်နာမ်နှစ်ဝ၊ သင်္ခါရမျိုး၊
အစိုးမရ ဓာတ်အမှု၊
အနတ္တတွေပါတကား။

**သဗ္ဗံ ယောဗ္ဗနံ ဇရာပရိယောသာနံ။**

သဗ္ဗံ ယောဗ္ဗနံ=နုနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းမှန်သမျှ သည်။ ဇရာပရိယောသာနံ=အားအင်ယိုယွင်း အိုရခြင်း အဆုံး ရှိပါပေ၏။

- နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊
အိုခြင်းနောက်ဆုံး ရှိချေ၏။

- အရွယ်ငယ်ငယ်၊
  နုနယ်စိုကြွ ပျိုသမျှ၊
  အိုရနောက်ဆုံးပါတကား။

## သဗ္ဗံ အာရောဂျံ ဗျာဓိပရိယောသာနံ။

သဗ္ဗံ အာရောဂျံ=ဝေဒနာကင်း ကျန်းမာခြင်းမှန် သမျှသည်။ ဗျာဓိပရိယောသာနံ=နာဖျားရခြင်းလျှင် အဆုံးရှိပေ၏။

- ကျန်းကျန်းမာမာ၊
  ဝေဒနာကင်း ရောဂါရှင်း၊
  နာခြင်း နောက်ဆုံးပါတကား။

## သဗ္ဗံ ဇီဝိတံ မရဏပရိယောသာနံ။

သဗ္ဗံ ဇီဝိတံ=ဝိညာဉ်မပျက် အသက်ရှင်နေရခြင်း မှန်သမျှသည်။ မရဏပရိယောသာနံ=သေရခြင်းလျှင် အဆုံးရှိပါပေ၏။

- ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊
  သေခြင်းနောက်ဆုံး ရှိချေ၏။
- ဝိညာဉ်ထင်ထင်၊
  အသက်ရှင်လည်း၊ အကြင်အခါ၊
  ကြွမှာမှောက်က နေမရ၊
  သေရမှာချည်းပါတကား။

**သဗ္ဗေ သံယောဂေါ ဝိယောဂပရိယောသာနော။**

သဗ္ဗေ သံယောဂေါ=ချစ်ခင်ပေါင်းသင်း ယှဉ်တွဲ ပေါင်းသင်းမှန်သမျှသည်။ ဝိယောဂပရိယောသာနော= အခြေယွင်းလျက် ကွေကွင်းခွဲခွာရခြင်းလျှင် အဆုံး ရှိချေ၏။

- ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား
  ကွေကွင်းနောက်ဆုံး ရှိချေ၏။
- ပစ္စည်းဥစ္စာ၊
  အိမ်ဂေဟာနှင့်၊ လယ်ယာသီးသီး၊
  သားသမီးတည့်၊ ဇနီးချစ်လင်၊
  ခင်မင်ယုယ တွယ်သမျှ၊
  ကွဲရနောက်ဆုံးပါတကား။

**သဗ္ဗာ သမ္ပတ္တိ ဝိပတ္တိပရိယောသာနော။**

သဗ္ဗာ သမ္ပတ္တိ=စည်းစိမ်ဖုံဖုံ ပြည့်စုံခြင်းမှန်သမျှ သည်။ ဝိပတ္တိပရိယောသာနော=ပျက်စီးရခြင်းသာ အဆုံးရှိပေ၏။

- စည်းစိမ်ဖုံဖုံ၊
  ပြည့်စုံသမျှ မတည်ကြ၊
  ပျက်ရနောက်ဆုံးပါတကား။

❋

[၃]

## လောကဧ။သဘောတရား

**ကာယော သန္နိဟိတာပါယော-**
**သမ္ပဒါ ခဏဘင်္ဂုရာ၊**
**သမာဂမော သာပဂမော-**
**သဗ္ဗမုပ္ပါဒိ ဘင်္ဂုရံ။**

ကာယော=သူသူငါငါ ကိုယ်ခန္ဓာကြီးသည်။ သန္နိဟိတာပါယော=အချိန်မလပ် နီးကပ်သော ပျက်စီးခြင်းရှိပါပေ၏။

သမ္ပဒါ=စည်းစိမ်ရတနာ ဥစ္စာမှန်သမျှတို့သည်။ ခဏဘင်္ဂုရာ=တစ်ဘဝတာ ခဏသာတည်ဘိ ပျက်စီးတတ်သောသဘောရှိကြကုန်၏။

သမာဂမော=ချစ်ခင်ပေါင်းသင်း ယှဉ်တွဲခြင်းသည်။ သာပဂမော=တစ်ဘဝသာ ခဏတာတွဲ ကွဲကွာခြင်းသာ အဆုံးရှိပါပေ၏။

ဥပ္ပါဒိ=အသစ်အသစ်ဖော် ဖြစ်ပေါ်လာရသော။ သဗ္ဗံ= သတ္တဝါတဝ သင်္ခါရအဖုံဖုံ တရားအလုံးစုံသည်။ ဘင်္ဂုရံ=ဖြစ်လာပျက်ရ အနိစ္စ လောကသဘောပါတကား။

- အများသတ္တာ၊
ကိုယ်ခန္ဓာကား၊ ရောဂါရန်စွယ်၊
အန္တရာယ်သီးသီး၊ ဖျက်အဆီးဖြင့်၊
ပျက်စီးဖို့ရာ နီးလှစွာ၊
သူငါကြောက်လန့်ဖွယ်တကား။

- စုကြဆောင်းကြ၊ သိမ်းဆည်းကြသည့်၊
ဓနဥစ္စာ၊ ရတနာလဲ၊
မကြာရှည်ကြ၊ တခဏဖြင့်၊
ကုန်ရပျောက်ရ အဆုံးကျ၊
စွန့်ရမှာချည်းပါတကား။

- အိမ်မြေလယ်ယာ၊ ရတနာသီးသီး၊
သားသမီးနှင့်၊ ဇနီးချစ်လင်၊
ခင်မင်နွဲ့ကြ တွဲသမျှ၊
ကွဲရနောက်ဆုံးပါတကား။

- သတ္တာသခါရ၊ ဖြစ်သမျှတို့၊
ကာလရှည်ကြာ၊ မတည်ပါဘဲ၊
ဖြစ်လာပျက်ရ အနိစ္စ၊
လောကသဘောပါတကား။

❈

[၄]

## သေမင်းခေါ်သောအခါ

● အသက်ဇီဝိန်၊
ကိုယ်ငွေ့ရှိန်နှင့်၊ ဝိညာဉ်မနေ၊
ဤသုံးဝတို့၊ လုံးဝစွန့်ခွာ၊
ထိုအခါ၌၊ ခန္ဓာအပုပ်၊
ဘူတရုပ်ကား၊ သရုပ်မမှန်၊
မြေသုသာန် ကေန်ဆိုက်ရမည်။
● ဘယ်သက်ရွယ်မှာ၊
ဘယ်ရောဂါနှင့်၊ ဘယ်ခါကာလ၊
ဘယ်ဒေသ၌၊ သေရမည့်တာ၊
တို့သူငါ မှန်စွာမသိပါတကား။
● မြေ ရေ လေ မီး၊
ဓာတ်ကြီးလေးထွေ၊ အနေကျကျ၊
အခြေလှ၍၊ မျှတနေစဉ်၊
အသက်ရှင်လည်း၊ အကြင်အခါ၊
ဓာတ်လေးဖြာတို့၊ အာဏာဟုန်ပြ၊
သူပုန်ထသော်၊ ပျက်ရကြေရ၊
ခြေမလှ သေရပေဦးမည်။
● ငါ့ဟာ ငါ့ဟာ၊
ငါ့ဥစ္စာနဲ့၊ တွယ်တာမကင်း၊
အာသာပြင်းလဲ၊ သေမင်းခေါ်လာ၊
သင့်တွက်တာ ဥစ္စာဘယ်မျှပါမည်နည်း ?။

❋

[၅]

## တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာ

---

သူသူငါငါ၊ သတ္တဝါကား၊ ခေတ္တခိုနား၊ ခရီးသွား တွေပါတကား...ဆိုတဲ့အတိုင်း တစ်နေရာမှ အခန့်သင့် လို့ဆုံမိကြတယ်၊ ဆုံမိပြီးတော့ တစ်နေ့ကျခွဲကြရမယ်။ နောက်တစ်ခါ တစ်ဘဝမှာဆုံကြပြန်ရော၊ မိမိနဲ့သင့် လျော်တဲ့ တစ်ဘုံဘုံတစ်ဘဝမှာ ဆုံမိကြ ကွဲကြပြန်ရော။

ယထာ ကဋ္ဌဉ္စ ကဋ္ဌဉ္စ၊ သမာဂစ္ဆေယျုံ မဟဏ္ဏဝေ။

သမေစ္စစ ဗျပေယေယျုံ၊ တံဝ ဘူတသမာဂမော။

ကဋ္ဌဉ္စ=သစ်သားချောင်း တစ်ချောင်းသည်လည်း ကောင်း။ ကဋ္ဌဉ္စ=သစ်သားချောင်း တစ်ချောင်းသည် လည်းကောင်း။ မဟဏ္ဏဝေ=အပြောကျယ်စွာ သမုဒ္ဒရာ ကြီးထဲ၌။ သမာဂစ္ဆေယျုံ=အကြောင်းအားလျော်စွာ ဆုံမိ တွေ့မိကြကုန်ရာ၏။ သမေစ္စစ=အကြောင်းအားလျော် စွာ ဆုံမိတွေ့မိကြကုန်သည်ရှိသော်။ ဗျပေယေယျုံ= အတူမနေသာခွဲခွာကြရလေကုန်၏။ ဘူတသမာဂမော= ချစ်ခင်အပ်၏ဟု သူသူငါငါသတ္တဝါတို့၏ ကြုံလာခဏ ယှဉ်တွဲပေါင်းသင်းရခြင်းသည်။ တံဝ=အရိပ်ခိုကာ ခွဲခွာ ရဘိသကဲ့သို့ သဘောရှိပါပေသတည်း။ ။

❊

[၆]

# သေသူကပြခဲ့သောတရား

---

- သေဖို့သေရန်၊ ချိန်မတန်၍၊
ကျန်ရစ်ငံ့စား၊ သင်လူများတို့…။

- တစ်ယောက်ပြီးလျှင်၊ တစ်ယောက်ပင်ဟု၊
အစဉ်တောက်လျှောက်၊ ငါ၏နောက်မှ၊
နင်ပြီးနင်ဆင်း၊ တွင်မငြင်းနှင့်၊
သေမင်းခေါ်ရာ၊ မငြင်းသာဘဲ၊
လိုက်ပါလုံးစုံ၊ သေဆုံးကြကုန်လတ္တံ့။

- မသေမယ့်ပုံ၊ အာရုံလိုက်စား၊
တရားမတွေ့၊ မှားလေ့ဖြင့်၊
မမေ့လိုက်ကြပါကုန်လင့်။

- သေတဲ့လူက၊ မပြောသောဘိ၊
ပြသည့်အလား၊ အများသိကြ၊
သတိရဖို့၊ ညွှန်ပြခဲ့လေပြီတကား။

[၇]

# တရားဆေးဖြင့် ကုတတ်ကြပါစေ
# သြဝါဒကထာ

---

လောကမှာ မစွန့်နိုင်သေးလို့ သေခြင်းဆိုတဲ့ သဘောတရားနဲ့တွေ့ကြရတာ။ လောကမှာ စွန့်နိုင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ပဋိသန္ဓေလဲမနေရ အိုလဲမအိုရ နာလဲမနာရ ဒုက္ခခပ်သိမ်းငြိမ်းအေးကြရတယ်။

မိမိတို့ခန္ဓာကိုယ်ကြီး စဉ်ဆက်မပြတ်ဖြစ်ပျက်နေတဲ့ သံသရာကြီးကို မစွန့်နိုင်သေးသမျှ အိုရမယ် နာရမယ် သေရမယ် ပဋိသန္ဓေနေရမယ် အဖန်တလဲလဲ ဒုက္ခတွေ့ကြုံရမယ်။ ဒီ ဘဝဆိုတဲ့ သံသရာကြီးထဲက လွတ်မြောက်နိုင်ကြမှာမဟုတ်ဘူး။

**ဇာတိ မစ္စု ဇရာ ဗျာဓိ၊ ဝေဒနာဘိ အဘိပ္ပလုတံ။**
**သံသာရ မိဓမစ္စန္တ၊ မသာရံ စဇထော သုခံ။**

ဇာတိ မစ္စု ဇရာ ဗျာဓိ ဝေဒနာဘိ=ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်း သေရခြင်း စိုးရိမ်ပူဆွေးရခြင်းတို့ဖြင့်။ အဘိပ္ပလုတံ=အမြဲမပြတ် ရှုပ်ယှက်ခတ်လျက်ရှိသော။ အစ္စန္တံ=စင်စစ်။ အသာရံ=အနှစ်သာရရှာမရသော။ ဣဓ သံသာရံ=ဤဘဝခန္ဓာသံသရာကြီးကို။

စဇ္ဇတော=မတွယ်မတာ ပယ်ခွာစွန့်ပစ်နိုင်သူအဖို့။ သုခံ ဟောတိ=ချမ်းသာအစစ် တကယ်တမ်းဖြစ်ပါပေ သတည်း။

ပဋိသန္ဓေ အိုနာသေရေး ဘေးဒုက္ခတွေနဲ့ကြုံတွေ့ လျက်ရှိတဲ့ မိမိတို့ခန္ဓာသံသရာကြီး၊ အဲဒီ သံသရာကြီးကို မစွန့်နိုင်ကြရင် အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒုက္ခတွေနဲ့ ကြုံရမှာပဲ။ ဒီခန္ဓာသံသရာကြီးကို စွန့်နိုင်သူတွေအဖို့တော့ အိုခြင်းဒုက္ခကလွတ်ကြရ နာခြင်းဒုက္ခကလွတ်ကြရ သေခြင်းဒုက္ခကလွတ်ကြရ ဒုက္ခအမျိုးစုံကလွတ်ကြရ၍ တကယ့်အေးငြိမ်းခြင်းနဲ့ကြုံရတယ်။

အဲဒီတော့ စွန့်နိုင်တယ်ဆိုရာမှာ ဒီခန္ဓာကိုယ်ကြီးကို စွန့်လို့ကတော့ ဘယ်နည်းနဲ့မှ ရမှာမဟုတ်ဘူး။ အဲဒီခန္ဓာ ကိုယ်ကြီးကို ဖန်တီးတတ်တဲ့ အကြောင်းဖြစ်တဲ့ တဏှာ ဥပါဒါန်စသောကိလေသာတွေ တွယ်တာမှုသမုဒယတွေ ကို စွန့်နိုင်ကြမှသာလျှင် အဲဒီခန္ဓာကိုယ် ရုပ်တရားတွေ နာမ်တွေ နောက်ထပ်ဖြစ်တော့မှာ မဟုတ်တော့ဘူး။

ဒီတော့ ခန္ဓာကိုယ်ကြီးဆိုတာ အားလုံးသိကြတဲ့အတိုင်း ကောင်းတယ်ရယ်လို့ တယ်မရှိဘူး။ မကောင်းတဲ့ ခန္ဓာ ကိုယ်ကြီးကို သမုဒယအတွယ်အတာလေးတွေက ရှိနေ ကြတော့ ကောင်းတယ်လို့ထင်နေကြတယ်။ နှစ်သက်

ဖွယ်လို့လဲထင်နေကြတယ်။ တွယ်တာမှုဆိုတဲ့ သမုဒယ တဏှာ ဥပါဒါန်တရားတွေရှိနေသမျှတော့ ဒီခန္ဓာကိုယ်ကြီးက မိမိတို့ကို ဒုက္ခပေးလျက်ပဲ ရှိနေမှာပဲ။

ခန္ဓာကိုယ်ကြီး ဆက်ဖြစ်နေသရွေ့တော့ နောင်လဲပဲ အဲဒီခန္ဓာကိုယ်ကြီးကိုအကြောင်းပြုပြီးတော့ အဲဒီဘဝတွေမှာလဲ နာရဦးမယ် အိုရဦးမယ် သေရဦးမယ်။ နောက်တစ်ဖန် ပဋိသန္ဓေနေရဦးမယ်။ အဲသလို ဆက်ဆက်ပြီး ဖြစ်ရဦးမှာပဲ။

အကြင်မျှလောက် ခန္ဓာကိုယ်ကြီးကို မစွန့်နိုင်သေး၊ ခန္ဓာကိုယ်ကြီး စွန့်နိုင်လောက်အောင် သမုဒယတဏှာကို မပယ်နိုင်သေး၊ ထိုမျှလောက် ပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း စသောဒုက္ခတွေနဲ့ ကြုံရဦးမှာပဲ။

အဲသလို ဒုက္ခတွေမကြုံရအောင် ဤသာသနာတော်ကြီးက အာမခံချက်ပေးထားတယ်။ အာမခံပေးထားတဲ့ တရားတော်တွေကို ကြိုးစားပြီးတော့ အားထုတ်ကြပွားများကြဖို့ပါပဲ။

တစ်ခါတုန်းက နကုလပိတာဆိုတဲ့ ဒကာကြီးက ဘုရားရှင်ကိုပေါ်တော်မြတ်ထံရောက်လာပြီး မိမိရဲ့ခန္ဓာကိုယ်ကြီးဟာ အမြဲမပြတ် နာကျင်နေတဲ့ ခန္ဓာကိုယ်ကြီးဖြစ်နေတဲ့အတွက်ကြောင့် မိမိကြည်ညိုတဲ့ ဘုရားရှင်

ကိုယ်တော်မြတ်ကြီးနဲ့ မိမိကြည်ညိုရတဲ့ ရဟန်းတော်တွေကို ဖူးမြင်ဖို့ရာ အခွင့်မသာတဲ့အကြောင်းတွေလျှောက်ထားတော့၊ ဘုရားရှင်ကိုယ်တော်မြတ်က 'ဒကာကြီး၊ ခန္ဓာကြီးဟာ ဒီလိုပဲ၊ အမြဲတမ်းနာကျင်နေတဲ့ ခန္ဓာကိုယ်ကြီးပဲ၊ ဘယ်လောက် ပဲ ခန္ဓာကိုယ်ကြီးကနာနာ စိတ်ကိုတော့ မနာအောင်ကြိုးစားရမယ်' လို့ မိန့်ကြားတော်မူတယ်။

ဒါကြောင့်မို့လို့ ခန္ဓာကိုယ်ကြီးဆိုတာဟာ အင်မတန်နာကျင်နေတဲ့ ခန္ဓာကိုယ်ကြီး၊ တစ်ခဏမျှ ကြင်နာမှုပေးတဲ့အခါရယ်လို့မရှိဘူး။ တစ်နည်းမဟုတ်တစ်နည်း, တစ်မျိုးမဟုတ်တစ်မျိုးနာနေတာပဲ။ ခန္ဓာကိုယ်ကြီးဘယ်လောက်နာနာ စိတ်ကိုတော့မနာစေနဲ့၊ စိတ်ကိုတော့ မနာအောင်ကြိုးစားရမယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က မိန့်ကြားတော်မူတယ်။

**စိတ္တေ မလံ မုပေက္ခာယ၊ကာယေ မလံစ ခော၀တု။**

**စိတ္တေဟိ နိမ္မလေ သန္တေ၊ ပူတိကာယောပိ ပူဇိတော။**

ကာယေ=ခန္ဓာကိုယ်ကြီး၌။ မလံ=ဖြစ်နေတဲ့အညစ်အကြေးကို။ ဥပေက္ခာယ=အရေးမပြု လျစ်လျူရှု၍။ စိတ္တေ=စိတ်၌။ မလံ=ဖြစ်နေတဲ့အညစ်အကြေးကို။ ခော၀တု=လုံးဝပြောင်စင်အောင် ဆေးကြောပါလေ

ခန္ဓာကိုယ်ကြီးက အပုပ်တွေ မစင်ကြယ်သေးတဲ့ ဟာတွေကိုထားလိုက်ဦး။ စိတ်၌ဖြစ်တဲ့ အညစ်အကြေး တွေကိုတော့ ဆေးကြောလိုက်ပါ သုတ်သင်ပါတဲ့။

စိတ္တေ=စိတ်သည်။ နိမ္မလေ=ကိလေသာအညစ် အကြေးကင်းဝေး၍ သန့်ရှင်းသည်။ သတိ=ရှိသော်။ သန္တော=သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်ကို။ ပူတိကာ ယော=ပုပ်ပုပ်ဟောင်ညှီနေသော ခန္ဓာကိုယ်ကြီးရှိနေသော် လည်း။ ပူဇိတော=အမြဲမပြတ် ပူဇော်အပ် မြတ်နိုးအပ်ပါ ပေသတည်း။

စိတ်စင်ကြယ်နေပြီဆိုရင် ခန္ဓာကိုယ်ကြီးက ပုပ် ဟောင်ညှီစော်နံနေသော်လည်း အမြဲမပြတ် ပူဇော်အပ် မြတ်နိုးအပ်ပါပေတယ်။

စိတ်မှာ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်နေပြီဆိုရင် ခန္ဓာကိုယ်ကြီးပုပ်နေသော်လည်း အဲဒီစိတ်စင်ကြယ်နေတဲ့ပုဂ္ဂိုလ်ဟာ ပူဇော်အပ်တဲ့ ပုဂ္ဂိုလ် ပဲတဲ့။ ဒါကြောင့် သာသနာတော်ကြီးနဲ့ကြုံတဲ့အခါမှာ စိတ်စင်ကြယ်ကြောင်း ကောင်းမြတ်တဲ့တရားတွေဟာ ဘုရားသာသနာတော်မှာ အများကြီးရှိတာမို့လို့ မိမိတို့ လက်လှမ်းမီသမျှ တတ်စွမ်းသမျှ ကြိုးစားအားထုတ်ကြ ရမယ်။

**ကာယေ ရောဂံ တိတိက္ခာယ၊ စိတ္တေရောဂံ တိကိစ္ဆတု။**
**သခိတော ကာယရောဂံပိ၊ စိတ္တေ နိရာမယေ သတိ။**

ကာယေ=ခန္ဓာကိုယ်ကြီး၌ဖြစ်သော။ ရောဂံ= ရောဂါကို။ တိတိက္ခာယ=သည်းညည်းခံ၍။ စိတ္တေ= စိတ်၌ဖြစ်သော။ ရောဂံ=ရောဂါကို။ တိကိစ္ဆတု=တရား ဆေးဖြင့် ကုသပါလေလော့။

ခန္ဓာကိုယ်၌ ရောဂါဖြစ်နေရင် အဲဒီရောဂါကို အသာထားပြီးတော့ သည်းခံပြီးတော့ စိတ်၌ဖြစ်တဲ့ ရောဂါကို ကုပေးပါ။ စိတ်၌ဖြစ်တဲ့ရောဂါဆိုတာ ကိလေ သာတွေပဲ၊ ကိလေသာတွေကို ရောဂါလို့ဆိုတယ်။ စိတ် ရောဂါလို့ဆိုတယ်။ ဒီရောဂါတွေကို ကုသပေးပါ။ ကုသ ဖို့ရာ ဘုန်းကြီးတို့ဗုဒ္ဓသာသနာတော်မှာ နည်းလမ်းတွေ အများအပြားရှိပါတယ်။

စိတ္တေ=စိတ်သည်။ နိရာမယေ=ကိလေသာဆိုတဲ့ ရောဂါ ကင်းနေသည်ရှိသော်။ ကာယရောဂံပိ=ခန္ဓာကိုယ် ၌ ရောဂါစွဲကပ်နေတဲ့ပုဂ္ဂိုလ်သော်လည်း။ သုခိတော= ချမ်းသာမြဲချမ်းသာပေသည်။ ဟောတိ=မုချမသွေဖြစ်ပါ ပေသတည်း။ ။

[မြတ်ဆုမွန်မဂ္ဂဇင်း။ ၁၉၉၂-ခု၊ စက်တင်ဘာလမှ။]

✻

[၈]

## အနိစ္စ–ဒုက္ခ–အနတ္တ

---

**အနိစ္စာ ဝတ သင်္ခါရာ၊**
**ဥပ္ပါဒဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊**
**တေသံ ဝူပသမော သုခေါ။**

သင်္ခါရာ=ရုပ်နာမ်နှစ်ဖြာ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ=အမြဲမရှိကြပေကုန်စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော=ဖြစ်ခြင်းပျက်ခြင်းသဘောရှိကြပေကုန်၏။ ဥပ္ပဇ္ဇိတွာ=ဖြစ်လာပေါ်လာကြကုန်ပြီးသော်။ နိရုဇ္ဈန္တိ= ချုပ်ကြပျောက်ကြရလေကုန်၏။ တေသံ=အနိစ္စအမှန် ထိုရုပ်နာမ်သင်္ခါရတို့၏။ ဝူပသမော=ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်တရားတော်သည်။ သုခေါ=ဖြစ်ပျက်ကင်းကွာ ချမ်းသာအစစ် ဖြစ်ပါပေသတည်း။

**ဒုက္ခာ ဝတ သင်္ခါရာ၊**
**ဥပ္ပါဒဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊**
**တေသံ ဝူပသမော သုခေါ။**

သင်္ခါရာ=ရုပ်နာမ်နှစ်ဖြာ သင်္ခါရတရားတို့သည်။

ဒုက္ခာဝတ=ဖြစ်လျက်ပျက်လျက် နှိပ်စက်မစဲ ဆင်းရဲလှ ပေကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော=ဖြစ်ခြင်းပျက်ခြင်း သဘောရှိကြပေကုန်၏။ ဥပ္ပဇ္ဇိတွာ=ဖြစ်လာပေါ်လာကြ ကုန်ပြီးသော်။ နိရုဇ္ဈန္တိ=ချုပ်ကြပျောက်ကြရလေကုန်၏။ တေသံ=ဒုက္ခအမှန် ထိုရုပ်နာမ်သင်္ခါရတို့၏။ ဝူပသမော= ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်တရားတော်သည်။ သုခေါ= ဖြစ်ပျက်ကင်းကွာ ချမ်းသာအစစ် ဖြစ်ပါပေသတည်း။

**အနတ္တာ ဝတ သင်္ခါရာ၊**

**ဥပ္ပါဒဝယဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊**

**တေသံ ဝူပသမော သုခေါ။**

သင်္ခါရာ=ရုပ်နာမ်နှစ်ဖြာ သင်္ခါရတရားတို့သည်။ အနတ္တာဝတ=အစိုးမရ အနတ္တတို့သာ ဖြစ်ပါပေကုန်စွ တကား။ ဥပ္ပါဒဝယဓမ္မိနော=ဖြစ်ခြင်းပျက်ခြင်းသဘော ရှိကြပေကုန်၏။ ဥပ္ပဇ္ဇိတွာ=ဖြစ်ပေါ်လာကြကုန်ပြီးသော်။ နိရုဇ္ဈန္တိ=ချုပ်ကြပျောက်ကြရလေကုန်၏။ တေသံ= အနတ္တအမှန် ထိုရုပ်နာမ်သင်္ခါရတို့၏။ ဝူပသမော=ချုပ်ငြိမ်း ရာမှန် နိဗ္ဗာန်တရားတော်သည်။ သုခေါ=ဖြစ်ပျက်ကင်းကွာ ချမ်းသာအစစ် ဖြစ်ပါပေသတည်း။ ။

[၉]

## မသေဘူးတဲ့လား ?

- လူဟုဖြစ်လာ၊ သင့်တွက်တာ
ဘာများလိုရှိနေပါသနည်း ?
- စားဝတ်နေရေး၊ အရေးရေးဟု
ကိုယ်ရေးကိုယ့်တာ၊ အတွက်သာ
လွန်စွာလိုလားပါသတည်း။
- ကိုယ်ရေးကိုယ့်တာ၊
တစ်ဖက်သာဟု၊ သက်ညှာ၍နေ၊
သင့်အခြေ မသေဘူးတဲ့လား ?။
- တစ်နေ့ကျလျှင်၊ အရှင်သေမင်း၊
သူ့လက်တွင်းသို့၊ သက်ဆင်းရမှာ၊
မလွဲပါ သူငါထုံးစံတည်း။
- တစ်ဖက်မြင်လို၊
အသင့်ကိုပင်၊ ထိုရှင်သေမင်း၊
ယူဆောင်ကျဉ်း အရင်းမဆုံးလား ။
- ပစ္စည်းဥစ္စာ၊
မကပါဘဲ၊ ခန္ဓာသော်မှ၊
စွန့်ခဲ့ရ၍၊ မရလုံးလုံး၊
အရင်းဆုံး အရှုံးချည်းသာဖြစ်တော့သည်။

❋

[၁၀]

# သေရဲတယ်ဆိုတာ

လောကမှာ သေရဲအောင် ကြိုးစားကြရမယ်လို့ ဆုံးမလေ့ရှိတယ်။ သေရဲတယ်ဆိုတာ ဘာတုံး?။

ကုသိုလ်တွေရှိဖို့ပါပဲ။ ကုသိုလ်တွေများများရှိရင် သေရဲတာပဲ။ ကုသိုလ်တွေများများရှိနေတော့နောက်ဘဝအတွက် မိမိမှာဘာမှပူစရာမရှိဘူး။ ကောင်းရာဘဝရောက်မှာပဲ၊ ကောင်းတဲ့အကျိုးတွေ ခံစားရမှာပဲ။

အဲဒါကြောင့် နောက်ဘဝရောက်လဲချမ်းသာမှာမို့လို့ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်ဟာသေရမှာကို စိုးရိမ်စရာမရှိပေဘူး။ သေရမယ်ဆိုရင်လဲ သေရဲကြတာပဲ။

❄

[၁၁]

# မကြောက်ထိုက်သော သေခြင်းတရား
# ဩဝါဒကထာ

---

သေခြင်းတရားမှ လွှန်မြောက်နိုင်တဲ့ သူသူငါငါ သတ္တဝါ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သောသူဟု မရှိပါဘူး။ ဘုရားရှင်ကိုယ်တော်မြတ်သော်မှ ကြုံတွေ့ရသည့်သဘာဝ မို့လို့ ဒီသဘာဝတရားသည် အားလုံးသောလူနတ် သတ္တဝါတွေ တွေ့ကြုံရတဲ့ သဘောတရားကြီးပါပဲ။

အဲဒီသေခြင်းသဘောတရားကြီးကို တို့တစ်တွေ လည်း လွှန်မြောက်ခြင်းငှာမတတ်နိုင်လို့ တစ်နေ့ကျ လျှင် အနိစ္စရောက်ကြရမှာပဲ။ အားလုံးသော ရုပ်နာမ် နှစ်ဖြာခန္ဓာငါးဝရှိနေကြတဲ့ပုဂ္ဂိုလ်တွေ ဘယ်လိုမှ ကွင်းလို့ ရှောင်လို့မရနိုင်တဲ့ ဒီသေခြင်းသဘောတရား၊ တစ်နေ့ ကျရင် အားလုံးသောသတ္တဝါတွေ သေကြရမှာချည်းပဲ။

အဲဒီတော့ အနေကောင်းနဲ့နေကြရဖို့ အသေ ကောင်းနဲ့သေကြရဖို့ အရေးကြီးတယ်။

လူ့ဘဝမှာ တရားသည်သာ မိမိတို့ရဲ့အားကိုးရာ၊ တရားသည်သာ မိမိတို့မှီခိုရာ၊ တရားသည်သာ မိမိတို့ရဲ့ ထောက်တည်ရာ။ တရားရှိရင် ဒီဘဝမှာနေရရင်လဲ ချမ်း

သာတာပဲ။ အကယ်၍ မနေရလို့ ဘဝတစ်ပါးသို့ပြောင်း သွားကွယ်လွန်ရမယ်ဆိုရင်လဲ ထောက်တည်မှု အားကိုး မှုရပြီး ချမ်းသာရမှာပါပဲ။

မဟာသုတသောမမင်းကြီးကို ပေါရိသာဒက ဖမ်းဆီးသွားတဲ့အခါကျတော့ ဘာမှကြောက်လန့်ခြင်း မရှိ။ အဲသလိုမရှိတာကိုမြင်တော့ ပေါရိသာဒကမေး တယ်။ 'တခြားမင်းတွေကို ကျွန်ုပ်ဖမ်းတယ်ဆိုရင် အင်မတန်ကြောက်ကြလန့်ကြတယ်၊ တွန့်ကြဆုတ်ကြ တယ်။ အခု သင်မင်းကြီးမှာကြောက်လန့်ခြင်း တွန့်ခြင်း ဆုတ်ခြင်း ဘာမှမရှိဘူး။ ဘယ့်နှယ်ကြောင့်တုံး' ဆိုတော့ သုတ သောမမင်းကြီးက 'အေး...ငါက မင်းတို့လို မကောင်း မှုတွေကို ပြုနေတဲ့သူ မဟုတ်ဘူး။ ငါ့မှာ ကောင်းမှုတွေ အများကြီးရှိတယ်။ မိဘအပေါ်မှာပြုခဲ့တဲ့ ကောင်းမှု ဆရာသမားတွေအပေါ်မှာပြုခဲ့တဲ့ကောင်းမှု သမဏဗြာဟ္မဏရဟန်း ပုဏ္ဏားတွေအပေါ်မှာပြုခဲ့တဲ့ ကောင်းမှု အဲသလိုကုသိုလ်ကောင်းမှုတွေကအများကြီး ပြုခဲ့တာ။ ကုသိုလ်ကောင်းမှုတွေအများကြီးရှိနေတဲ့ ငါ့ ဘဝမှာ မကောင်းတဲ့တမလွန်ဘဝရောက်နိုင်ဖို့ဘယ်မှာ ရှိမတုံး။ မကောင်းတဲ့ဘဝရောက်ဖို့ မရှိသောကြောင့် ငါမကြောက်ဘူး' လို့ ပြန်ပြောတယ်။

အဲဒါလိုပဲ လောကမှာ အကုသိုလ်တွေကင်းအောင်, ကုသိုလ်တွေဖြစ်အောင် ကြိုးစားဖို့အရေးကြီးတယ်။ အကုသိုလ်တွေကင်းအောင် ကြိုးစားရင်း, ကုသိုလ်တွေ ဖြစ်အောင်ကြိုးစားနေရင်း ဒီဘဝမှာလဲ ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းအကျိုးတွေကို ခံစားရမယ်။ ဒီဘဝမှာ မနေရလို့ သေလွန်ရမယ်ဆိုရင်လဲ ကွယ်လွန်ခါနီး ဖြစ်စေ၊ နောင်ရေးတွေးလို့ဖြစ်စေ စိုးရိမ်စရာမရှိဘူး။ ကြောင့်ကြစရာမရှိဘူး။

အဲဒါကြောင့်မို့လို့ လောကမှာ သူသူငါငါ သတ္တဝါ မှန်သမျှတို့ဟာ မိမိတို့ပြုခဲ့တဲ့ကုသိုလ်ကံအကုသိုလ်ကံ ဆိုတဲ့ ကံသည်သာလျှင် ဥစ္စာရှိတယ်။ ကံစီရင်တဲ့ အတိုင်း ဖြစ်ကြရတာပဲ။ ဒါကြောင့် ကောင်းတဲ့အမှုကို ပြုနေတဲ့ပုဂ္ဂိုလ်အဖို့မှာ ငါသေရင် ကောင်းရာရောက်မှာပဲ လို့ စိတ်ထဲဆုံးဖြတ်နိုင်တာဖြစ်လို့ သူ့မှာ စိုးရိမ်ပူပန်မှု မရှိဘူး၊ သေမှာလဲမကြောက်ဘူး။ နောက်ဘဝကျရင် ဒီထက်ကောင်းတဲ့ဘဝတွေနဲ့နေရပြီးတော့ ချမ်းသာသုခ တွေခံစားရမယ်လို့ ကြိုသိထားတော့ ဘယ်မှာကြောက်ဖို့ ရှိမတုံး။ အဲဒါကြောင့်မို့လို့ သေရမှာကို မကြောက်ဘူး။

သေခြင်းကတော့ ကြုံကြရမှာချည်းပဲ။ သူသူငါငါ သတ္တဝါမှန်သမျှ သေခြင်းသဘာဝကို လွန်မြောက်နိုင်ဖို့

မတတ်နိုင်ကြဘူး။ သေကြရမှာချည်းပဲ။ ဒါကြောင့် မသေခင် လူကောင်းသူကောင်း ဖြစ်ဖို့ အရေးကြီးတယ်။

အရေးကြီးတာက တရားပဲ။ တရားသည်သာ လူ့အသက်၊ တရားမရှိဘူးဆိုရင် ဒီလူဟာ အသက်ရှင်နေပေမယ့် အသေပဲ။ တရားရှိရင် လူအရှင်ပဲ။

အဲဒါကြောင့်မို့လို့ ဓမ္မတရားဆိုတာ အင်မတန်အရေးကြီးတယ်။ တရားဆိုတာ ကုသိုလ်တရား၊ ကုသိုလ်တရားရှိဖို့အရေးကြီးတယ်။ အဲဒီဓမ္မတရားပါမှ မိမိတို့ဘဝဟာ စိတ်ချရတယ်။

[မြတ်ပန်းရဂုံမဂ္ဂဇင်း။ ၁၉၉၄-ခု အောက်တိုဘာလမှ။]

[၁၂]

## လူ့တစ်ဘဝဆို အရိပ်တစ်ခဏခို

**ယထာ ဟိ ပထိကော ကောစိ၊**

**ဆာယံ မာသိတျ တိဋ္ဌတိ။**

**ဝိဿမိတွာ ပုနာဂစ္ဆေ။**

**တံ ဝ ဘူတသမာဂမော။ ။**

ဟိ=ဥပမာဆောင် ထင်အောင်ပြဦးအံ့။ ကောစိ ပထိကော=ခရီးသွားပုဂ္ဂိုလ်တစ်ယောက်သည်။ ဆာယံ= နားစရာခိုစရာ အရိပ်တစ်ခုခုကို။ အာသိတျ= ဝင်နားခိုမှီ၍။ တိဋ္ဌတိယထာ=အပန်းဖြေလေ တည်နေဘိသကဲ့သို့။ ဝိဿမိတွာ=အပန်းဖြေ နားနေပြီးသော်ကား။ ပုနာ=နောက်ထပ်တစ်ဖန်။ ဂစ္ဆေယထာ=တစ်နေရာဆီ ရှေ့သို့ ချီလေဘိသကဲ့သို့။ ဘူတသမာ ဂမော=ချစ်ခင် အပ်ဟု သူသူငါငါသတ္တဝါတို့၏ ကြုံလာခဏ ဘွဲ့ယှဉ် ပေါင်းသင်းရခြင်းသည်။ တံ ဝ= အရိပ်ခိုကာ နဲ့ ၁ရာဘိ ထိုသို့ပင်သဘောရှိပါပေသတည်း။

※

[၁၃]

## လူတိုင်းသွားရမည့်လမ်း

● သူသူငါငါ၊
သတ္တဝါမှန်သမျှ တစ်နေ့ကျ၊
သေရမှာချည်းပါတကား။

● ဦးသူတွေမှာ၊
ခန္ဓာသဘာဝ၊ အချက်ရလျက်၊
ပျက်ရခါ တို့သူငါ၊
မှန်စွာ ဤနည်းပါတကား။

● ဖြစ်ပြီးလျှင်အို၊ အိုပြီးလျှင် နာ၊
နာပြီးသေကြ မလွတ်ရ၊
ဝဋ်ကပေးသည့်ဒဏ်ပါတကား။

● ခန္ဓာငါးရပ်၊ သူသတ်ငါးတန်၊
လက်ခံခဲ့ချေ၊ တို့တစ်တွေကား၊
မသေချင်ပါ၊ မနာချင်လို၊
မအိုချင်ကြ နေမရ၊
သေရ နာရ အိုရမည်။

- ခန္ဓာငါးပါး၊
  သူရဲများတို့၊ ခဲစားအပ်စွာ၊
  ခန္ဓာရလေ၊ တို့တစ်တွေကား၊
  မသေချင်ပါ၊ မနာချင်လို၊
  မအိုချင်ကြ နေမရ၊
  သေရနာရအိုရမည်။
- မအိုချင်လို၊ ငါကဆိုလည်း၊
  ဆိုတိုင်းမရ အိုကြရ၊
  အနတ္တခန္ဓာကိုယ်။
- မနာချင်လို၊ ငါကဆိုလည်း
  ဆိုတိုင်းမရ နာကြရ၊
  အနတ္တခန္ဓာကိုယ်။
- မသေချင်လို၊ ငါကဆိုလည်း၊
  ဆိုတိုင်းမရ သေကြရ၊
  အနတ္တခန္ဓာကိုယ်။

[၁၄]

# အနှီးကပ်ဆုံးရန်သူ

သေမင်းကို လာဘ်ထိုးလို့လဲ မရဘူး၊ စစ်တိုက်လို့လဲ မနိုင်နိုင်ဘူး။ တကယ့် ဘုန်းရှင် ကံရှင် တန်ခိုးရှင် ဘုရားရှင်ကိုယ်တော်မြတ်သော်မှ ပရိနိဗ္ဗာန်စံတော်မူရသေးတယ်။

ဒါကြောင့်မို့လို့ သေခြင်းသဘောတရားဆိုတာ ကိုယ်က အစိုးရတာမဟုတ်၊ သူကသာလျှင် အချိန်မရွေး အခါမရွေး နေရာမရွေး တစ်နေရာမဟုတ် တစ်နေရာက ပေါ်ပေါက်လာတတ်တာ။ပေါ်ပေါက်လာပြီးတော့ ဇီဝိန်ခြွေသွားမှာပဲ။

ဒါကြောင့် သေမင်းဆိုတာ သူသူငါငါ သတ္တဝါတွေရဲ့အနီးအနားမှာ ကပ်နေတဲ့ ရန်သူကြီးတစ်ဦးပဲ။

[၁၅]

## ငါ၏ဤကိုယ်ခန္ဓာ

သူက ငါက၊ ဤကာယကို၊ လှတယ်ယဉ်တယ်၊ ချစ်စဖွယ်ဟု၊ ဘယ်သို့ဘယ်ဝါ၊ ဖွဲ့နွဲ့ပါလည်း၊ ဤကာယအိုး၊ အတွင်းဆိုးကို၊ တစ်မျိုးပြီးလျှင်၊ တစ်မျိုးဆင်လျက်၊ နေ့စဉ်ခဏ၊ ရှုဖွယ်ပြခဲ့။

အာဟာရဟောင်း၊ ထမင်းတစ်သွယ်၊ ဖွယ်ဖွယ်ရာရာ၊ ပြင်ကာမျိုကြ၊ ဝမ်းထဲကျသော်၊ သလိပ်ကနှော၊ တံတွေးရောလျက်၊ အဟောသိစစ်၊ မစင်ဖြစ်၍၊ ညစ်ညမ်းယုတ်စွာ၊ အပုပ်သာလျှင်၊ ထုတ်ကာထွက်ကျ၊ နေ့စဉ်ပြ၏။

ဒွါရကိုးပါး၊ ကိုယ်တံခါးမှ၊ အားထားဖွယ်ရာ၊ ဘာတစ်ခုမျှ၊ ရှာမရဘဲ၊ ခဏခဏ၊ ဖြိုးကျထုတ်လာ၊ အပုပ်သာတည်း။

သာယာဖွယ်များ၊ ရှိလိမ့်လားဟု၊ အားထားရေးယူ၊ ရှာလေမူလည်း၊ အူလိပ်ခွေခွေ၊ သလိပ်တွေနှင့်၊ သည်းခြေအသည်း၊ သလိပ်ခဲပြင်၊ အတွဲနှလုံး၊ အသုံးမကျ၊ အသုဘသာ၊ တွေ့ရပါ၏။

ဝါဝါရွှေရွှေ၊ အရေပြားဖြင့်၊ ရွှေသားလိုလို၊ အထင်ပိုလည်း၊ ဤကိုယ်ကာယ၊ ရုပ်ဌာနမှ၊ ထလာပေါက်လာ၊ အနာလီလီ၊ ပြည်တစိုစို၊ သွေးပုပ်ယိုလျက်၊ ပုပ်သာထွက်ခဲ့၊ ရက်ဆက်နေ့စဉ်၊ ပြင်ဆင်၍သာ၊ မသိသာခဲ့။

ဗလာပစ်ထား၊ မလေးစားသော်၊ နံကာဟောင်စွာ၊ ပုပ်ညှီလာ၍၊ ဆင်းမှာဆုတ်ယုတ်၊ ပုပ်သဘာဝ၊ ရုပ်ကာယက၊ ပြသဟုတ်စွာ၊ သရုပ်ပါလိမ့်။

အနာက ညှင်း၊ ဇရာပင်းလျက်၊ အဆင်းညှိုးချေ၊ အရေတွန့်လျက်၊ အားတွေပျက်၍၊ မသက်မသာ၊ ပျက်ခန္ဓာတည်း။

တဏှာ,မာန၊ သဘာဝဖြင့်၊ ငါ့ကိုယ်ငါ့ကိုယ်၊ တဆိုဆိုလျှင်၊ ကိုယ်ကိုယုယ၊ ပြုစုကြလည်း၊ ကမ္မဇရုပ်၊ စိတ်ကချုပ်လျက်၊ သေမင်းလက်တွင်၊ အသက်ငင်သော်၊ မြေတွင်မြှုပ်ကြ၊ စွန့်ပစ်ကြသည့်၊ ဓမ္မတာထွာ၊ ဆင်ခြင်ပါသော်၊ ဘယ်မှာ ငါ့ကိုယ်ရှိပါလိမ့်။

❄

[၁၆]

# မေ့သောသူသည်သေ၏

**အပ္ပမာဒေါ အမတံ ပဒံ။**
**ပမာဒေါ မစ္စုနော ပဒံ။**
**အပ္ပမတ္တာ န မီယန္တိ၊**
**ယေ ပမတ္တာ ယထာမတာ။**

အပ္ပမာဒေါ=ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်။ အမတံ ပဒံ=မသေရာမှန် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပါပေ၏။ ပမာဒေါ=မေ့လျော့ပေါ့ဆ ပမာဒဆိုသောတရားသည်။ မစ္စုနော=အသေမစဲ တသေထဲသေရခြင်း၏။ ပဒံ=အကြောင်းရင်းစစ် တကယ်တမ်းဖြစ်ပါပေ၏။ အပ္ပမတ္တာ=ကုသိုလ်တရားတွေ ကြိုးစားရန်မေ့လျော့ကြတဲ့ ပုဂ္ဂိုလ်တို့သည်။ နမီယန္တိ=မသေမကြေနေကြရလေကုန်၏။ ယေ= အကြင်ပုဂ္ဂိုလ်တို့သည်။ ပမတ္တာ=မေ့လျော့ပေါ့ဆ ပမာဒတရား အားကြီးကြလေကုန်၏။ တေ=ထိုပမာဒတရား အားကြီးကြတဲ့ မေ့လျော့ကြတဲ့ပုဂ္ဂိုလ်တို့သည်။ မတာယထာ=သူသေနှင့်မခြားအလားတူကြပါပေကုန်သတည်း။

✻

[၁၇]

## သေမင်းခေါ်သောနေ့

တို့တစ်တွေသည်၊
မသေအံ့သွင်၊ ပြုံးပန်းဆင်၍၊
မမြင်လေမိုး၊ ချစ်ပိုးထိုးစဉ်၊
ဘေးဆိုးပုံယင်၊ ကိုယ်တွင်းဝင်က၊
သည်လင်သည်သား၊ သည်မယားနှင့်၊
သည်နွားသည်မြေ၊ သည်ရွှေငွေပါ၊
သည်ဆွေသည်မျိုး၊ သည်အိုးသည်အိမ်၊
သည်စည်းစိမ်ကို၊ အချိန်ကျပြန်၊
တစ်ဖန်မလှည့်၊ ပြန်မကြည့်အား၊
မယားတသွယ်၊ လင်သယ်တခြား၊
သားကတသီး၊ သမီးတဖုံ၊
မိသားစုံကို၊ အကုန်ခွဲရွေ့၊
တစ်နေ့နေ့သော်၊ သေမင်းခေါ်လိမ့်၊
အပျော်အလွန် မကျူးသင့်ပါတကား။

❄

[ ၁၈ ]

# အကြောက်ဆုံးဘေး

---

အိုဘေး, နာဘေး, သေဘေးဆိုတဲ့ ဘေးကြီးတွေကို လူများဟာ အတော်ကြောက်ကြတယ်။

သို့သော် မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆနေကြတဲ့အခါမှာ မိမိကိုယ်ကို မသေရဘူးထင်ပြီးတော့ သေဘေးကို ကြောက်ရမှန်း မသိကြဘူး။

နီးကပ်လာတဲ့အခါကျတော့ မကြာခင် သေရတော့မယ်ဆိုရင် အဲဒီအခါမှ ကြောက်ရမှန်းသိကြတယ်၊ ကြောက်လန့်တတ်ကြတယ်။

✻

[၁၉]

# ဓမ္မဒွေသ တရားအချုပ်လေးပါး

## ၁။ ဥပနီယတိ လောကော အဒ္ဓုဝေါ။

လောကော=လူအပေါင်းကို။ ဥပနီယတိ=အိုသေဘက်သို့ ရက်ဆက်နေ့စဉ် လျှင်လျှင်မချို့ တွင်တွင်ပို့အပ်ပါပေ၏။ အဒ္ဓုဝေါ=ပျက်ရစမြဲ မလွဲမသွေ မမြဲပါပေတကား။

- အိုနာသေဘက်၊ အချေပျက်ဖို့၊
  ရက်ဆက်နေ့စဉ်၊ လျင်လျင်မချို့၊
  တွင်တွင်ပို့၊ လူတို့မမြဲပါတကား။

## ၂။ အတာဏော လောကော အနဘိဿရော။

လောကော=လူအပေါင်းသည်။ အတာဏော=အိုနာသေရေး ဘေးရောက်လာသော် ကွယ်ကာစွမ်းဘိ စောင့်ရှောက်နိုင်သူလဲ မရှိပါပေ။ အနဘိဿရော=ချဉ်းကာကပ်ကာ သက်သာရရေး ဖေးမ,ကယ်ယူ အဘယ်သူမျှ မရှိပါတကား။

- အိုဘေး နာဘေး၊ သေဘေးရောက်သော်၊
  စောင့်ရှောက်နိုင်ဟူ၊ ကယ်သူကင်းလျက်၊
  သက်သာရာရေး၊ ပေးနိုင်ဝေးကွာ၊
  တို့သူငါ၊ ကိုးရာမဲ့လှချေတကား။

## ၃။ အသကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ။

လောကော=လူအပေါင်းသည်။ အသကော=ကိုယ်ပိုင်ဥစ္စာမရှိပါပေ။ သဗ္ဗံ=မဆုတ်ရာဟု ထုပ်ကာစုသည့် ဥစ္စာထုမှန်သမျှ အလုံးစုံကို။ ပဟာယ= တစ်နေ့သောခါ ပယ်စွန့်ခွာ၍။ ဂမနီယံ=သွားရမည်မှာ မနေသာသည် သေချာလှပါတော့သည်တကား။

- ကိုယ်အမြဲဆိုင်၊ မပျက်နိုင်သည့်၊
  ကိုယ်ပိုင်ဥစ္စာ၊ မရှိပါခဲ့၊
  ဥစ္စာဟူသရွေ့၊ တစ်နေ့ကျကာ၊
  တို့သူငါ၊ စွန့်ခွာသွားရမှာတကား။

## ၄။ ဦနော လောကော အတိတ္တော တဏှာဒါသော။

လောကော=လူအပေါင်းသည်။ဦနော=ဥစ္စာကုံလုံ ဘယ်ပုံပေါလဲ လိုစမြဲသာ လျော့လျက်ပါတကား။ အတိတ္တော=စည်းစိမ်ဖုံဖုံ တကယ်စုံအောင် ဘယ်ပုံ ဖြည့်လဲ မရောင့်ရဲတင်းမတိမ်ပါပေ။ တဏှာဒါသော= အလိုပြည့်ဝ မရှိကြ တဏှာ့ကျွန်ချည်းပါတကား။

- သူသူငါငါ၊ လူတကာကား၊
  ဥစ္စာမနေ၊ ဘယ်မျှပြည့်စုံ၊
  ဘယ်ပုံပေါလဲ၊ လျော့မြဲမပို၊
  လိုနေစမြဲ၊ မရောင့်ရဲကြ၊
  မပြည့်ဝ၊ တဏှာ့ကျွန်ချည်းပါတကား။

❋

[၂၀]

# ကုသိုလ်တရား လက်ကိုင်ထားကြ
# သြဝါဒကထာ

---

**သာယမေကေ နဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟူဇနာ၊**
**ပါတော ဧကေ နဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူဇနာ။**

ဗဟူဇနာ=ရဟန်းရှင်လူအဆူဆူ ထိုထိုများစွာသော ပုဂ္ဂိုလ်တို့ကို။ ပါတော=နံနက်ခင်းအခါက။ ဒိဋ္ဌာ= မြင်အပ် တွေ့အပ်ပါပေကုန်၏။ ဧကေ=မနက်ခင်းက မြင်ရ ထိုထိုအချို့သောပုဂ္ဂိုလ်တို့ကို။ သာယံ=ညနေ ခင်းအခါကျတော့။ နဒိဿန္တိ=မမြင်ကြရပါပေကုန်။

ဗဟူဇနာ=ရဟန်းရှင်လူအဆူဆူ ထိုထိုများစွာသော ပုဂ္ဂိုလ်တို့ကို။ သာယံ=ညနေခင်းအခါက။ ဒိဋ္ဌာ= တွေ့ကြရမြင်ကြရပါပေကုန်၏။ ဧကေ=ညနေချမ်းက မြင်ရတဲ့ အချို့သောပုဂ္ဂိုလ်တို့ကို။ ပါတော=နံနက်ခင်း အခါကျတော့။ နဒိဿန္တိ=မတွေ့ရမမြင်ကြရပါပေကုန် တော့တကား။

နေ့မြင်ညပျောက် ညမြင်နေ့ပျောက် လောက သဘာဝ သူသူငါငါ သတ္တဝါမှန်သမျှ မသေနိုင်တဲ့ အချိန်ရယ်လို့မရှိဘူး၊ မသေနိုင်တဲ့အခါရယ်လို့မရှိဘူး။ သေခြင်းသဘောတရားဆိုတာက သေမယ်ထင်ပေမယ့် သေချင်မှသေတာ။ မသေဘူးထင်ပေမယ့် သေသွားရတယ်။ သေမင်းက အချိန်မရွေးဘူး။

**ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။**
**ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နနာယရေ။**

ဇီဝိတဥ္စ=ဘယ်အသက်အရွယ်မှာ သေရမယ်ဆိုတဲ့ အသက်ကိုလည်းကောင်း။ ဗျာဓိစ=ဘယ်ရောဂါနဲ့သေရမယ်ဆိုတဲ့ သေမယ့်ရောဂါကိုလည်းကောင်း။ ကာလောစ=ဘယ်အချိန်မှာသေရမယ်ဆိုတဲ့ သေမယ့်အချိန်ကိုလည်းကောင်း။ ဒေဟနိက္ခေပနံစ=ခန္ဓာကိုယ်ကြီးကို ဘယ်သင်္ချိုင်းမှာ မြှုပ်ရမယ်ဆိုတဲ့ ခန္ဓာကိုယ်ကြီးပစ်ချရမယ့်နေရာကိုလည်းကောင်း။ ဂတိစ=သေပြီးတဲ့နောက် အခါမှာရောက်ရမယ့် နောက်ဘဝဂတိတစ်မျိုးမျိုးကို သော်လည်းကောင်း။ ဧတေပဉ္စ= ဤငါးမျိုးတို့ကို။ အနိမိတ္တာ=အမှတ်အသားမထားအပ်ကုန်သည်ဖြစ်၍။ နနာယရေ= မသိအပ် မသိနိုင် မသိရပါပေကုန် တကား။

● ဘယ်သက်ရွယ်မှာ၊ ဘယ်ရောဂါနဲ့၊
ဘယ်ခါကာလ၊ ဘယ်ဒေသရို၊
ဘယ်ဂတိ၌၊ လားရမည့်တာ၊
တို့သူငါ မှန်စွာမသိပါတကား...

ဆိုတဲ့အတိုင်း သေရမယ့်အချက်တွေကို မသိနိုင်ကြဘူး။

ဘယ်သက်ရွယ်မှာသေရမယ်၊ တချို့အသက် ငယ်ငယ်နဲ့သေကြတယ်၊ တချို့အသက်ကြီးပေမယ့် အရွယ်ကုန်မှသေကြတယ်။ အမျိုးမျိုးပဲ။

ဘယ်အနာရောဂါနဲ့ သေရမယ်ဆိုတာလဲ ပိုင်းခြားသတ်မှတ်ချက်မရှိဘူး။ သေချင်တဲ့ရောဂါနဲ့ သေတတ်တယ်။

မနက်ခင်းသေမယ်၊ နေ့လယ်ခင်းသေမယ်၊ ညနေခင်းသေမယ်ဆိုတဲ့ အချိန်ကာလလဲ ပိုင်းခြားသတ်မှတ်ထားလို့မရဘူး။

သေတဲ့အခါကျတော့ ဘယ်မှာသေရမယ်ဆိုတဲ့ သေရမယ့်သင်္ချိုင်းလဲ ပိုင်းခြားသတ်မှတ်ချက်မရှိဘူး။ ရန်ကုန်နေပေမယ့် တခြားသွားသေချင်သေတာပဲ။ ကုန်းပေါ်နေတဲ့ လူတွေက မမျှော်လင့်ဘဲ ရေထဲသွားသေတာလဲရှိကြတာပဲ။ တချို့ကောင်းကင်မှာသေကြရတယ်။

သေခြင်းသဘောတရား ဆိုတာ သတ်မှတ်ချက်မရှိဘူး၊ သူဖြစ်ချင်သလိုဖြစ်တာ။

- မနာချင်လို၊ ငါကဆိုလဲ၊
  ဆိုတိုင်းမရ၊ နာကြရ၊
  အနတ္တခန္ဓာကိုယ်။
- မအိုချင်လို၊ ငါကဆိုလဲ၊
  ဆိုတိုင်းမရ၊ အိုကြရ၊
  အနတ္တခန္ဓာကိုယ်။
- မသေချင်လို၊ ငါကဆိုလဲ၊
  ဆိုတိုင်းမရ၊ သေကြရ၊
  အနတ္တခန္ဓာကိုယ်။

အနတ္တဆိုတဲ့အတိုင်း မိမိတို့အစိုးမရဘူး၊ လိုချင်တိုင်းမရဘူး၊ ခန္ဓာကိုယ်ကြီးက သူဖြစ်ချင်တိုင်းဖြစ်တာ။ ဒီတော့ ခန္ဓာကိုယ်ကြီးဆိုတာက မိမိတို့အလိုအတိုင်း ဘာမှမဖြစ်နိုင်ဘူး။ တစ်နေ့ကျ ပျက်စီးရမှာ သေချာတယ်။ မြန်မြန်နဲ့နှေးနှေးပဲ။

အဲသလို ပျက်စီးတတ်တဲ့ခန္ဓာကိုယ်ကြီးဟာ ပျက်စီးမှာဖြစ်တော့ မိမိခန္ဓာကိုယ်ကြီးအကြောင်းပြုပြီးတော့ မိမိတို့ ဘာမှကြောင့်ကြစရာမရှိဘူး။ ကြောင့်ကြစရာက တရားမရှိမှာ စိုးရိမ်ကြောင့်ကြရတယ်။ ဘုန်းကြီးတို့

ဒီဘဝကနေပြီးတော့ ဘယ်ရောက်ရမယ်ဆိုတာ ဘယ်သူမှမသိဘူး၊ တန်ခိုးရှင်တွေ အဘိညာဉ်တန်ခိုးရှင်တွေမှ လွဲလို့ တခြားပုဂ္ဂိုလ်တွေသိနိုင်မှာမဟုတ်ဘူး။ မသိနိုင်တော့ နောက်ဘဝစိတ်ချရအောင်ဆိုတာလုပ်ထားရတယ်။ ဒီဘဝ မိမိတို့ဘဝ ဆုံးချင်မှဆုံးမှာ။

ရဟန္တာဖြစ်မှ ဘဝဆုံးတယ်။ နောက်ကိုဘယ်ဘဝမှ မဖြစ်ရဘူး၊ ဘယ်ဒုက္ခမှမခံရဘူး။ အဲဒီလိုမဟုတ်ဘဲနဲ့ အကြင်မျှလောက် ရဟန္တာရဟန္တာမ မဖြစ်သေးဘူးဆိုရင် ထိုမျှလောက် နောက်ဘဝကို သွားရဦးမယ်။

ဒါကြောင့် အဲဒီနောက်ဘဝမှာ သံသရာခရီးသွား အဖြစ်နဲ့သွားရတဲ့အခါ မိမိတို့မှာ အားကိုးစရာပါသွားဖို့ လိုတယ်။အားကိုးစရာဆိုတာက ပစ္စည်းဥစ္စာလဲမဟုတ်ဘူး၊ ဆွေမျိုးဉာတိမိတ်သင်္ဂဟတွေလဲ မဟုတ်ဘူး။ ကိုယ်အားထုတ်ထားတဲ့တရားတွေ၊ ဒါနတွေ သီလတွေ ဘာဝနာတွေ။ အဲဒီအားထုတ်ထားတဲ့ ကုသိုလ်တရားတွေသာ ကိုယ့်ရိက္ခာ၊ အဲဒီရိက္ခာ များများထုပ်မိပြီဆိုရင်ဖြင့် ဘာမှစိုးရိမ်စရာမရှိဘူး။ အဲဒီတော့ စိုးရိမ်စရာမရှိအောင် ကြိုတင်ပြီးတော့ သံသရာအတွက် ရိက္ခာများများထုပ်ထားကြရတယ်။

တစ်ခါက သာကီဝင်မင်းမဟာနာမ်က ဘုရားရှင်

ကိုယ်တော်မြတ်ဆီရောက်လာတယ်၊ ရောက်လာတော့ ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ တစ်ခါတစ်ခါ ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးမြော်ပြီးတော့ မိမိကြည်ညိုတဲ့ အရှင်မြတ်တွေကိုဖူးမြော်ပြီးတော့ ညနေချမ်းအခါ ကပိလဝတ်နေပြည်တော်ကြီးဆီဝင်သွားတယ်၊ ဝင်သွားတဲ့အခါ ဆင်ကြမ်းနဲ့လဲကြုံရတယ်၊ မြင်းကြမ်းနဲ့လဲကြုံရတယ်၊ လူတွေလှုပ်ရှားသွားလာနေတာလဲ မြင်ရတယ်၊ အမျိုးမျိုးကြုံရတဲ့အခါမှာ တပည့်တော်က 'ဩော်… ဒီအချိန်ဒီအခါများ ငါသေသွားရင်ဖြင့် ဘယ်ဘဝများ ရောက်ပါလိမ့်မလဲ'လို့ စိုးရိမ်မိတယ်လို့ လျှောက်ထားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က–

'မဟာနာမ် မစိုးရိမ်နဲ့၊ မဟာနာမ်မစိုးရိမ်နဲ့၊ သင့်အဖို့ မကောင်းသောသေရခြင်းမျိုး ဖြစ်မှာမဟုတ်ဘူး၊ မကောင်းသောဘဝပြောင်းရခြင်းမျိုး ဖြစ်မှာမဟုတ်ဘူး' လို့ မိန့်တော်မူပြီးနောက် ဘုရားရှင်ကိုယ်တော်မြတ်က တရားသဘောလေးတွေနဲ့ပဲ မစိုးရိမ်ရမယ့်ပုဂ္ဂိုလ်အရည်သွေးကို ပြောပြတယ်။

'လောကမှာ ထောပတ်အိုးကြီး ဆီအိုးကြီးကို နက်လှတဲ့ မြစ်ထဲမှာနှစ်ပြီးတော့ ခွဲလိုက်တယ်။ အဲဒီလို ပွင့်ပေါ်တဲ့အခါမှာ အိုးခြမ်းကွဲတွေကတော့ အောက်ကျသွားတယ်၊ အဲဒီထောပတ်အိုး ဆီအိုးထဲက ထောပတ်တွေ ဆီတွေကတော့ ရေအထက်ကိုတက်ပြီးတော့ ဝေနေပါတယ်။ အဲဒီလိုပဲ ခန္ဓာကိုယ်ကြီးကတော့ သေရင် ကျီးအစာ လင်းတအစာ ပိုးလောက်တို့ရဲ့အစာဖြစ်မှာပဲ။ သို့သော် အဲဒီခန္ဓာကိုယ်ကြီးနဲ့ရင်းနှီးထားတဲ့ သဒ္ဓါတရား သီလတရား သုတတရား စာဂတရား ပညာတရားဆိုတဲ့ တရားတွေကတော့ ဥဒ္ဓါဂါမီ=အထက် အထက်သို့သာ တက်သွားကြရမှာပဲ။ ဝိသေသဂါမီ=သာမညအခြေအနေက ထူးခြားတဲ့အခြေအနေကို ရောက်သွားပေါက်သွားတက်သွားမှာပဲ' လို့ မိန့်တော်မူပြီးတော့ 'မစိုးရိမ်နဲ့ မဟာနာမ်မစိုးရိမ်နဲ့' လို့ အားပေးတော်မူတယ်။

မဟာနာမ်က သကဒါဂါမ်လောက်ဖြစ်နေတဲ့ပုဂ္ဂိုလ်ကြီး။ ဒါကြောင့်မို့လို့ 'မစိုးရိမ်နဲ့ မဟာနာမ် မစိုးရိမ်နဲ့၊ သင့်အတွက် မကောင်းသောသေခြင်းမျိုး၊ ယုတ်ညံ့တဲ့ သေခြင်းမျိုးနဲ့ သေရမှာမဟုတ်ဘူး' လို့ အားပေးစကား မြွက်ကြားတော်မူတာဖြစ်တယ်။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်မိန့်တော်မူတဲ့

ဤစကားတော်အရ ခန္ဓာကိုယ်ဆိုတာကတော့ ပျက်စီးမှာချည်းပဲ၊ တစ်နေ့ကျတော့ ဘယ်သူမှနေရမှာ မဟုတ်ဘူး။

**အန္တောဝဿဿတံ သဗ္ဗေ၊လောကေ သကမ္မနိဿိတာ။**
**မရဏံ ဝေ ဂမိဿန္တိ၊ ဇာတာနံ ဟိ မတံ ဓုဝံ။**

လောကေ=လူ့လောက၌။ သကမ္မနိဿိတာ=ဝတ်ရေးစာရေး ထိုအမှုကိစ္စတို့ကို မှီ၍နေကြရကုန်သော။ သဗ္ဗေ=အလုံးစုံကုန်သော သတ္တဝါမှန်သမျှတို့သည်။ အန္တောဝဿသတံ=အနှစ်တရာအတွင်း၌။ ဝေ=စင်စစ်မြေလက်ခတ်မလွဲ။ မရဏံ=သေရခြင်းသို့။ ဂမိဿန္တိ=ဘယ်သူမှမနေရ အားလုံးပင်ရောက်ကြရပါကုန်လတ္တံ့။ ဟိ=ထိုစကားမှန်လှပေ၏။ ဇာတာနံ=ဖြစ်လာကြရကုန်သော သတ္တဝါမှန်သမျှတို့၏။ မတံ=ဖြစ်ပြီးနောက် အချိန်ကျရောက်လျှင် သေရခြင်းသည်။ ဓုဝံ=မြေလက်ခတ်မလွဲ တကယ်မြဲတဲ့ နိယာမသဘောသဘာဝ ဖြစ်ပါပေသတည်း။

နှစ်တစ်ရာအတွင်းမှာ ဘယ်သူမှ ရှိကြမှာမဟုတ်ဘူး။ အင်မတန်ကံကောင်းလှတဲ့ တချို့ပုဂ္ဂိုလ်တွေအနည်းအကျဉ်းတော့ တစ်ရာကျော်နေရတာရှိပါတယ်။ သို့သော် များသောအားဖြင့် တစ်ရာအတွင်း၊ ခုခေတ်

ခုနှစ်ဆယ်လောက်ဆို တယ်မဟုတ်ချင်ဘူး။ ခုနစ်ဆယ်,ရှစ်ဆယ် ဒီအတွင်း သေကြတာချည်းများနေတယ်။ အဲဒါကြောင့် ကိုယ့်အလုပ်လုပ်ကြရင်း နေရင်းထိုင်ရင်းနဲ့ အနှစ်တစ်ရာအတွင်းမှာအကုန်လုံးသေကြမှာချည်းပဲ။

ဒီခန္ဓာကိုယ်ကြီးကတော့ သေတတ်တဲ့သဘောတရားမို့ သေမှာပဲ။ ပျက်တတ်တဲ့သဘောတရားမို့ ပျက်မှာပဲ။

**ဘိဇ္ဇန မမ္မံ၊ ဘိန္နံ န စိန္တိတဗ္ဗံ မလ္လိကေ။**

မလ္လိကေ=မလ္လိကာ။ဘိဇ္ဇန မမ္မံ=ပျက်တတ်တဲ့သဘောတရားသည်။ ဘိန္နံ=ပျက်မှာပင်ဖြစ်ပါ၏။ န စိန္တိတဗ္ဗံ=တွေးပြီးတော့ ပူနေစရာမလိုပါ။

စစ်သူကြီးကတော်မလ္လိကာသည် ရှင်သာရိပုတ္တရာအမှူးရှိတဲ့သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းနေတုန်း တစ်နေရာမှ ချီမ,ယူလာတဲ့ ထောပတ်အိုးကြီးက ကျကွဲသွားတယ်။ အဲဒါအကြောင်းပြုပြီးတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက 'မလ္လိကာ၊ ကွဲတတ်တဲ့သဘောဟာ ကွဲမှာပဲ။ ပျက်စီးတတ်တဲ့ သဘောဟာ ပျက်စီးမှာပဲ။ တွေးမပူလေနဲ့'ဆိုပြီး အမိန့်ရှိတော်မူတဲ့အခါမှာ စစ်သူကြီးကတော်မလ္လိကာက သူမရဲ့ခါးကြား

ထဲက စာကလေးကိုထုတ်ပြီးတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကိုပြတယ်။ ‘အရှင်ဘုရား၊ တပည့်တော်ဟာ သားသုံးကျိပ်နှစ်ယောက်နဲ့တကွ လင်ဖြစ်တဲ့ ဗန္ဓုလစစ်သူကြီး ကွယ်လွန်သွားတယ်ဆိုတဲ့ သတင်းကို ယခုပင်ရရှိခဲ့ပြီဖြစ်ပါတယ်။ အဲဒီသတင်းရတာတောင် တပည့်တော်မမှာ ဘာမှမဖြစ်ပါဘုရား’ လို့ လျှောက်ထားတယ်။

လောကမှာခံနိုင်ရည်ရှိအောင် ခံနိုင်ရည်ရှိတဲ့တရားတွေကိုကြိုးစားပြီး စုဆောင်းကြရတယ်။ ကြိုးစားပြီးတော့ ရှာကြရတယ်။ စိတ်ဓာတ်ခိုင်မာအောင် ကြိုးစားကြရတယ်။ စစ်သူကြီးကတော်မလ္လိကာဟာ စိုးရိမ်မှု ဘာကြောင့် မဖြစ်သတုံးဆိုတော့ အလကားဖြစ်လာတဲ့စိတ်မဟုတ်ဘူးနော်။ နဂိုကတော့ သူများလိုပဲ စိတ်မခိုင်တဲ့ပုဂ္ဂိုလ်ပဲ။ သို့သော်လဲပဲ မိမိလေ့ကျင့်အပ်တဲ့တရားတွေ၊ ကြားနာအပ်တဲ့တရားတွေ၊ အဲဒီတရားတွေကိုအကြောင်းပြုပြီးတော့ စိတ်ဓာတ်ဟာ တဖြည်းဖြည်းမာလာတာပဲ။ စိတ်ဓာတ်မာလာတော့ ဘယ်လိုဒုက္ခမျိုးနဲ့ကြုံကြုံမဖြုံဘူး၊ ခံနိုင်ရည်ရှိလာတယ်။

ဒါကြောင့် တရားဆိုတာ အင်မတန်အားထုတ်ထိုက်တယ်။ ဒါကြောင့် ခုန မဟာနာမ်သာကီဝင်ကို

ဘုရားရှင်ကိုယ်တော်မြတ်ဟောတော်မူသလို ခန္ဓာကိုယ်ကြီးပျက်စီးပေမယ့် တရားမပျက်စီးစေနဲ့၊ ခန္ဓာကိုယ်ပျက်စီးပေမယ့် ကိုယ့်တရားကကိုယ့်ကိုမပျက်စီးရာကိုရောက်ရအောင်ပို့ပေးမှာပဲ၊ ထူးခြားတဲ့ပုဂ္ဂိုလ်ဖြစ်အောင်ဆောင်ရွက်ပေးမှာပဲ။

**ယံ ကိဉ္စိ ဗာဟိယံ ဝတ္ထုံ၊ ယထာကာမံ ပဘိဇ္ဇတု။**
**အဇ္ဈတ္တမှိ အဘိန္နမှိ၊ အဘိန္နော၀ သပညဝါ။**

ဗာဟိယံ=အပြင်ဖြစ်သော။ ယံ ကိဉ္စိဝတ္ထုံ=အကြင်တစ်စုံတစ်ခုသောဝတ္ထုသည်။ ယထာကာမံ=ပျက်လိုသည့်အတိုင်း။ ပဘိဇ္ဇတု=ပျက်ပါစေ။ အဇ္ဈတ္တမှိ=အဇ္ဈတ္တဖြစ်သောတရားသည် (ဝါ)ကိုယ်တွင်းမှာဖြစ်တဲ့တရားသည်။ အဘိန္နမှိ=မပျက်စီးသည်ရှိသော်။ သေ–ပညဝါ=ထိုပညာရှိပုဂ္ဂိုလ်သည်။ အဘိန္နော၀= ဘယ်သောအခါကာလမှ မပျက်စီးတဲ့ တကယ်ခိုင်မြဲတဲ့ပုဂ္ဂိုလ်ဖြစ်ပါပေသတည်း။

ခန္ဓာကိုယ်လဲ ပျက်စီးတတ်တယ်၊ မိမိတို့ပစ္စည်းတွေလဲပျက်စီးတတ်တယ်။ ပျက်စီးပါစေ၊ သူ့အကြောင်းအားလျော်စွာ ပျက်စီးတာ ဘာမှစိုးရိမ်စရာမလိုဘူး။ မိမိတို့ စိုးရိမ်ဖို့က တရားမပျက်ဖို့သာအရေးကြီးတယ်။ အဲဒီတရားကသာ မိမိတို့ကို ကယ်မှာ၊ အဲဒီတရားပျက်

ရင်တော့သွားပါလေရော။ တရားမပျက်သေးရင် လူ မပျက်သေးဘူး၊ တရားပျက်ရင်တော့ လူလဲပျက်တော့ တာပါပဲ။ ဒါကြောင့် လူ့ဘဝအဖို့ အနှစ်သာရကတရားပဲ။ အကာဖြစ်တဲ့ခန္ဓာကိုယ်၊ အကာဖြစ်တဲ့ပစ္စည်းဥစ္စာတွေ ကိုအကြောင်းပြုပြီးတော့ စိုးရိမ်ခြင်းမပြုဘဲနဲ့ တရားပျက် မှာကိုသာ စိုးရိမ်ကြရမယ်။ မပျက်အောင်ကြိုးစားရမယ်။ တရားတွေကို ပွားသထက်ပွား၊ များသထက်များအောင် ကြိုးစားကြရမယ်။

**စက္ကိဘူတာန ပုဗ္ဗေပိ၊ ဘိန္နာ သမ္ပတ္တိယော ဗဟူ။**
**ပါရမီ ဒဗ္ဗသမ္ဘာရ၊ သာရေကော ဝ အဘိန္နကော။**
**တသ္မာ တံယောဝ သမ္ဘာရံ၊ သဗ္ဗ သမ္ပတ္တိသာဓကံ။**
**သက္ကိမာ ပညဝါ ရက္ခေ၊ န သောစေ ဖေဂ္ဂုဘောဒနံ။**

စက္ကိဘူတာနံ=လေးကျွန်းပိုင်သ စကြာသနင်း မင်းအဆက်ဆက်ဖြစ်ကုန်သော။ အမှာကံ=ငါတို့၏။ ယာသမ္ပတ္တိယော=အကြင်စည်းစိမ်ဥစ္စာရတနာတို့သည်။ ပုဗ္ဗေပိ=ရှေးအခါကလည်း။ ဗဟူ=မြားမြောက်လှစွာ။ သန္တိ=ရှိကြကုန်လေ၏၊ တာသမ္ပတ္တိ ယော=ရခဲ့ ကြုံခဲ့ ခံစားခဲ့ရတဲ့ စည်းစိမ်ဥစ္စာရတနာမှန်သမျှတို့သည်။ ဘိန္နာ=ပရမ်းပတာ ယူစရာမရ ပျက်စီးခဲ့ရပါပေကုန်၏။ ဧကော=တစ်ခုသော။ ပါရမီ ဒဗ္ဗသမ္ဘာရောဝ=ဝိဝဋ္ဋ

နိသိတ ဓမ္မအဆောက်အအုံ ပါရမီကောင်းမှုတည်း ဟူသော။ သာရောဝေ= အနှစ်သာရသည်သာလျှင်။ အဘိန္နကော=ဘယ်အခါကာလမှ မပျက်စီးမပျောက်ပျက် အမြဲသာတည်နေပါပေသတည်း။

တသ္မာ=ထိုသို့ပစ္စည်းတွေပျက်ပေမယ့် မိမိတို့ သည်းပူးအားထုတ်ထားတဲ့ ဝိဝဋ္ဋနိသိတပါရမီအဆောက် အအုံကုသိုလ်ထူးသည်သာလျှင် မပျက်စီးလေသော ကြောင့်။ သဗ္ဗသမ္ပတ္တိသာဓကံ=လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ဟူသော စည်းစိမ်အားလုံးကိုဖြစ်စေပြီးမြောက် စေနိုင်သော။ တမေဝသမ္ဘာရံ=ထိုဝိဝဋ္ဋနိသိတဓမ္မအဆောက် အအုံဖြစ်တဲ့ ပါရမီကုသိုလ် ထူးကိုသာလျှင်။ သတိမာ= သတိရှိသည်ဖြစ်၍။ ပညာဝါ=ကျိုးကြောင်းသိမြင်ပညာ ရှင်သည်။ ရက္ခေ=ကာကွယ်စောင့်ရှောက်ရမည်သာတည်း။ ဥဂ္ဂုဏောဒနံ=အကောဖြစ်တဲ့ ခန္ဓာကိုယ်ကြီးပျက်စီးမှု၊ ပစ္စည်း ဥစ္စာတွေပျက်စီးမှုဆို တဲ့ ပျက်စီးမှုမျိုးကို။ န သောစေ= မတွေးကြံရမပူပန်ကြရ တွေးကြံပူပင်ပြီး စိုးရိမ်ခြင်း မဖြစ်ရာသတည်း။

ဒါက ဘုန်းကြီးတို့ကျေးဇူးရှင် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးရဲ့ဩဝါဒတော် ပါပဲ။ ဆရာတော်ကြီးက ရန်ကုန်ကျိုက္ကစံကျောင်းတိုက်

မှာ သီတင်းသုံးနေတော်မူတုန်း မန္တလေးက ဝိသုဒ္ဓါရုံ ကျောင်းတိုက်မှာ ကျောင်းတွေမီးလောင်တယ်။မီးလောင်တော့ တပည့်တွေကလာပြီး အကြောင်းကြားကြတယ်။ အဲဒီအခါမှာ ဆရာတော်ဘုရားကြီးက ဒီဂါထာလေး ရေးပေးလိုက်တယ်။ တပည့်တွေကိုတရားပြသောအားဖြင့် သတိတရားရအောင် ဩဝါဒပေးတာ။

လူ့ဘဝစည်းစိမ်၊ နတ်ဘဝစည်းစိမ်၊ ဗြဟ္မာ့ဘဝစည်းစိမ်၊ စည်းစိမ်တွေဆိုတာက ခံစားခဲ့ကြရတာများလှပြီ။ ယနေ့အိပ်မက်ထဲမှာတောင်မရှိတော့ဘူး၊ အားလုံးပျောက်ကြရပြီ။ ဒီတော့ စည်းစိမ်ဥစ္စာရတနာတွေဆိုတာ ပျက်စီးတာချည်းပဲ။ မပျက်စီးတာက တရားပဲ။ တို့ဘုရားများထားတဲ့အားထုတ်ထားတဲ့တရားတွေသာ မပျက်စီးတာ။ ဘယ်အခါမှမပျက်။ ဒီဘဝသေ၊ နောက်ဘဝပါတာပဲ။ နောက်ဘဝသေရင် ဟိုနောက်ဘဝပါတာပဲ၊ ဒါမှအနှစ်သာရတွေ၊ ခန္ဓာကိုယ်ဟာ အနှစ်သာရမဟုတ်ဘူး။ ပစ္စည်းဟာ အနှစ်သာရမဟုတ်ဘူး၊ အနှစ်သာရမဟုတ် လို့ပျက်စီးချင်တိုင်းပျက်စီးတာ၊ တရားကတော့ မပျက်စီးဘူး။ မိမိကံမကောင်း အကြောင်းမလှလို့ ကွယ်လွန်ရရင် နောက်ဘဝလိုက်မှာပဲ။ ကိုယ်ပြုထားတဲ့ကုသိုလ်စိတ်တွေဟာ ကမ္မသတ္တိအဖြစ်ဖြင့်လိုက်နေမှာပဲ။ ပါရမီ

သတ္တိအဖြစ်ဖြင့် လိုက်နေမှာပဲ။ အဲဒီသတ္တိတွေဟာ မမြင်ရပေမယ့် ရှိနေတာချည်းပဲ။ ကိုယ့်ကို ကောင်းကျိုးပေးဖို့ ရှိနေတာချည်းပဲ။

အဲဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မမေ့ကြနဲ့ဆိုတာ ဒါပဲ။ မမေ့ကြနဲ့ဆိုတာ ဒီတစ်ဘဝတည်း မိမိတို့ကိစ္စ ကုန်ချင်မှကုန်မယ်။ ရဟန္တာဖြစ်မှ ကိစ္စကုန်တာ။ ခုနကပြောသလိုပဲ ရဟန္တာတွေ ရဟန္တာမတွေဖြစ်မှ ဒုက္ခဆုံးမှာ။ မဖြစ်သေးသမျှ သံသရာခရီးကြီး သွားရဦးမယ်။ ဘယ်လောက်ရှည်ဦးမယ်မသိဘူး။ ဘယ်လောက်ရှည်တယ်ဆိုတာကတော့ ကိုယ့်အစွမ်းအရပဲ။ ကိုယ်ကစွမ်းရင် နောက်ဘဝပြတ်ချင်ပြတ်မယ်၊ ဒီဘဝပြတ်ချင်ပြတ်မယ်၊ ရဟန္တာဖြစ်ရင်ပြတ်တာပဲ။ ပြတ်တယ်ဆိုရင် ဘာဒုက္ခမှ မရှိတော့ဘူး၊ မခံရတော့ဘူး။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေရဲ့ နောက်ဆုံးပန်းတိုင်ဟာ အဲဒီဒုက္ခတွေငြိမ်းဖို့။ ဒါကြောင့် ကွယ်လွန်ခဲ့တဲ့ ပုဂ္ဂိုလ်ကိုအကြောင်းပြုပြီးတော့ တို့တစ်တွေဟာ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆနေလို့ မသင့်ဘူး။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေရင် ရထားတဲ့လူ့ဘဝလေးတောင် တော်ကြာ အရင်းရှုံးချင်ရှုံးနေမယ်။ အပါယ်ရောက်ဖို့အကြောင်းတွေဟာ အများကြီးပဲ။

ဒါကြောင့် ကြောက်ကြပါ လန့်ကြပါ၊ ဘုရားရှင်ကိုယ်တော်မြတ်က ဘဝဆုံးမှာကို အင်မတန်ကြောင့်ကြတော်မူလို့ 'အပ္ပမာဒေန သမ္ပာဒေထ' လို့ အထပ်ထပ်အခါခါမိန့်တော်မူတဲ့အတိုင်း မမေ့မလျော့ မပေါ့မဆ သူတော်ကောင်းတရားတွေ ပါရမီတရားတွေပွားများကြ ကြိုးစားကြ အားထုတ်ကြ။

ရလာတဲ့ဘဝလေး အရင်းမရှုံး အမြတ်တွေများများ ရပြီးတော့ နောက်ဘဝကိုလဲ ဘဝအပြောင်းလှ၍ ဟိုဘဝမှာ ချမ်းသာအောင်၊ ဟိုဘဝမှာချမ်းသာပြီး တစ်ဖန်တရားတွေ အားထုတ်နိုင်အောင် မြန်မြန်တရားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ 'အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမိန့်တော်ကို မမေ့ကြပါနဲ့လို့ အလေးအနက်ထားပြီးတော့ သတိပေးအပ်ပါသတည်း။

[ဘာသာသွေးစာစောင်၊ ၁၉၉၁-ခု၊ စက်တင်ဘာလမှ။]

[၂၁]

## မမေ့ကြနဲ့

---

**ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။**
**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

ဘိက္ခဝေ=ချစ်သားတို့။ ဟန္ဒ=ငါဘုရားတိုက်တွန်းတော်မူခဲ့အံ့။ ဝေါ=သင်ချစ်သားတို့ကို။ အာမန္တယာမိ=နောက်ဆုံးစကား မှာကြားတော်မူခဲ့အံ့။ ယသ္မာ=အကြင်ကြောင့်။ သင်္ခါရာ=ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ=ပျက်စီးတတ်သောသဘောရှိပါပေကုန်၏။ တသ္မာ=ထို့ကြောင့် (ဝါ) ထိုသို့ သင်္ခါရမှန်က ပျက်စီးတတ်သောသဘောရှိကြလေသောကြောင့်။ တုမှေ=သင်ချစ်သားတို့သည်။ အပ္ပမာဒေန=မမေ့မလျော့မပေါ့မဆ အပ္ပမာဒဆိုသော သတိတရားဖြင့်။ သမ္ပာဒေထ=ချမ်းသာဖို့အကြောင်း ကောင်းမြတ်သော သီလ-သမာဓိ-ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ကိုယ်စီကိုယ်ငှပြည့်စုံအောင် ကြိုးပမ်းကြပါကုန်လော့။ ။

❋

[၂၂]

# ဖြစ်လျှင်ပျက်ရ သင်္ခါရ

တရားလိုသူ၊ များဗိုလ်လူတို့၊ နည်းယူဆင်ခြင်၊ လူ့အသွင်ကား၊ မျက်မြင်လောက၊ ဤဘဝ၏၊ အနိစ္စစစ်၊ ဒုက္ခဖြစ်နှင့်၊ စင်စစ်အတ္တ၊ ရှာမရဟု၊ သဘာဝမှန်၊ ဖော်ထုတ်ပြန်လျက်၊ ဉာဏ်ရှိသသူ၊ လူရှင်အများ၊ ဉာဏ်ကစားကြ၊ တရားပြလျက်၊ ဘဝတစ်ပါး၊ ပြောင်းခွာသွားသည်။ ။သင်ကော နေရမည်တဲ့လား။

လူ့ခေတ်သက်တမ်း၊ မကုန်ခန်းမီ၊ ကံစွမ်းခြေကျ၊ မနေရဘဲ၊ ဘဝတစ်ပါး၊ ပြောင်းခွာသွားခဲ့။ တရားဆင်ခြင်၊ ဤလူ့ခွင်က၊ သင်ရောငါပါ၊ ဘယ်အခါမှ၊ သေကြရဟု၊ ကာလချိန်ခါ၊ မသေချာခဲ့။ ထွေရာကိစ္စ၊ လုံးပမ်းကြ၍၊ မေ့လျော့နေစဉ်၊ အရှင်သေမင်း၊ သူ့လက်တွင်းသို့၊ သက်ဆင်းကျရာ၊ ထိုအခါဝယ်။ ။သင့်မှာ ဘာများပါမည်နည်း။

များလူတကာ၊ ငါ့ဥစ္စာဟု၊ ဆိုကာနေစဉ်၊ အသင်လူသား၊ သင်ရှုစားလော့။ စီးပွားဥစ္စာ၊ ဘာတစ်ခုမျှ၊ ယူမရဘဲ၊ နောင်ဘဝတာ၊ လက်ချည်းသာလျှင်၊ သူငါစွန့်ထား၊ ပစ်၍သွားခဲ့။ သင်ကားတမူ၊ ဘယ်လိုလူမို့၊

ယှူနိုင်လေအား၊ သင်ပိုင်စားလိမ့်၊ တရားကိုသာ၊ ကြိုးစားရှာ။ ။ယင်းသာသင့်နောက်ပါလိမ့်မည်။

ဖြစ်ပျက်ဖြစ်ပျက်၊ အဆက်ဆက်ဖြင့်၊ ပျက်မမြဲမှန်၊ ဤရုပ်နာမ်၌၊ ဟန်သလိုထင်၊ ယဉ်သလိုစွဲ၊ သင့်အကဲ။ ။အလွဲနိုင်လွန်းသည်။

သုခချမ်းသာ၊ သင်ထင်ပါလည်း၊ ဤကာယရုပ်၊ တဖြုတ်ဖြုတ်နှင့်၊ ချုပ်မြဲပျက်မြဲ၊ ဖောက်ပြန်မြဲမို့၊ ဆင်းရဲသက်သက်၊ ချမ်းသာချက်။ ။တစ်ကွက်ရှာမရ။

အတ္တထင်ကာ၊ တငါငါနှင့်၊ ဗလာအမြင်၊ သင့်အထင်လည်း၊ ထင်တိုင်းမဟုတ်၊ တဖြုတ်ဖြုတ်နှင့်၊ ချုပ်ပြပျက်ပြ၊ အနတ္တဟု၊ ပြလဲမမြင်၊ အတ္တထင်။ ။အမြင်မှားလှပေါ့။

စုတိကမ္မဇရုပ်၊ ချုပ်ခဲ့ရဟန်၊ မြေသုသာန်၌၊ မြုပ်နှံခဲ့ရာ၊ မြင်ရပါလျက်၊ ငါ ငါ့ဥစ္စာ၊ သင်ဆိုလာသော်၊ ဗလာစင်းစင်း၊ သင့်ဆိုခြင်း။ ။သေမင်းရယ်လိမ့်မည်။

လူ့ဘဝဝယ်၊ သာယာဖွယ်ဟု၊ အကယ်စင်စင်၊ သင်ထင်ပါလျှင်၊ နာကြင်နှိပ်စက်၊ စိတ်ပျက်ဖွယ်ရာ၊ ဘေးရောဂါနှင့်၊ များစွာပေါလှ၊ မောစရာ့ဟု၊ သောကဆူဆူ၊ ချမ်းအပူစ၊ ဒုက္ခများစွာ၊ ပေါပေါလာ။ ။သင့်သာလှောင်လိမ့်မည်။

အိုးစိမ်းလဲပျက်၊ အိုးအကျက်လည်း၊ ပျက်မြဲမသွေ၊ ပျိုလဲသေ၍၊ အိုသေသွယ်သွယ်၊ ကြီးလတ်ငယ်ဟု၊ အရွယ်မရွေး၊ ဤသေဘေးကား၊ ပြေး၍မရ၊ တစ်နေ့ကျလျှင်၊ တွေ့ရမည်မှာ၊ အမှန်သာဟု၊ ဉာဏ်မှာစေ့စေ့၊ တမြေ့မြေ့နှင့်၊ အောက်မေ့မြဲစွာ၊ ဘာဝနာဖြင့်၊ သေရွာမှလွတ်၊ ထွင့်ဖျားချမ်းသာ၊ ရဖို့ရာ။ ။သင်သာကြိုးစားသင့်ပါပြီ။

သမထဝိပဿနာ၊ ဘာဝနာဟု၊ ပြုရာကိစ္စ၊ မှန်သမျှ၌၊ နေ့ညမရွေ့၊ ယနေ့ပင်ထမ်း၊ သင်ကြိုးပမ်းလော့။ မျှော်မှန်းစရာ၊ နက်ဖြန်ခါသော်၊ သေမှာမှန်သည်၊ မသေမည်ကို၊ အတည်ပိုင်ပိုင်၊ မသိနိုင်ခဲ့။ သူပိုင်စစ်တပ်၊ အထပ်ထပ်ဖြင့်၊ မလတ်ချေခွင်း၊ ရှင်သေမင်းနှင့်၊ ချင်းချင်းချိန်းလျက်၊ သေရက်နှစ်လ၊ သတ်မရဟု၊ မှတ်ကြဖွယ်ရာ၊ ကျမ်းဂန်လာသည်။ ။မြဲစွာသံဝေဂယူကြလော့။

- အိုနာသေသို့၊ တွင်တွင်ပို့၊ လူတို့မမြဲပြီ။
- ကိုးကွယ်စရာ၊ အားထားရာ၊ လူမှာမဲ့လှသည်။
- ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ခွာသွားရမည်။
- မရောင့်ရဲကြ၊ လိုမြဲပ၊ တဏှာ့ကျွန်တွေမည်။

❈

[၂၃]

## အကျိုးမရှိသော ပူဆွေးမှု

အိုးကြီးကွဲသွားပြီဆိုရင် ပြန်ပြီးတော့ အကောင်းပကတိဖြစ်သွားအောင် ပြန်ဆက်မိအောင် ကြိုးစားတာဟာ အချည်းနှီးဖြစ်သလို ထို့အတူ သေသွားကြတဲ့ ပုဂ္ဂိုလ်တွေကို ပြန်ပြီးရှင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘဲနဲ့ ဆွေးနေလို့ရှိရင် ကွဲသွားတဲ့အိုးအတွက် စိုးရိမ်တဲ့ ပုဂ္ဂိုလ်တွေ ပူဆွေးတဲ့ပုဂ္ဂိုလ်တွေကို အကျိုးမရှိတဲ့ ပူဆွေးခြင်းမျိုးဖြင့် ပူဆွေးခြင်းသာဖြစ်မှာပါပဲ။

❋

[၂၄]

# ယူတတ်မှရ

လောကကြီးဟာဆရာတစ်ဆူပဲ။ ကြည့်တတ်ရင်မြင်တယ်၊ မကြည့်တတ်ရင် မမြင်ဘူး။ မသာအသုဘနား ရောက်နေပေမယ့် ယူတတ်ရင် ရတယ်။ မယူတတ်ရင် မရဘူး။ အသုဘဘာဝနပွား၊ မရဏာနုဿတိဘာဝနာ ပွားရတယ်။ ပွားလို့ရှိရင် ပညာတွေ အများကြီး တိုးတယ်။

✻

## [၂၉]

# ရှင်သေမင်းနှင့်အချိန်းအချက်

**အဇ္ဇေဝ ကိစ္စမာတပ္ပံ၊**
**ကော ဇညာ မရဏံ သုဝေ။**
**န ဟိ နော သင်္ဂရံတေန၊**
**မဟာသေနေန မစ္စုနာ။**

အဇ္ဇေဝ=နက်ဖြန်သန်ဘက် ရက်မရွေ့ဘဲ ယနေ့ ပင်လျှင်။ ကာတပ္ပံ=သမ္မပ္ပဓာန်လုံ့လ ဝီရိယမျိုးကို။ ကိစ္စံကာတပ္ပံ=မနားမနေပြုသင့်လှပါပေ၏။ သုဝေ= နက်ဖြန်ခါကျတော့။ မရဏံ=နေရဦးမည်၊ သေရဦးမည် ကို။ ကော=အဘယ်ပုဂ္ဂိုလ်သည်။ ဇညာ=သိနိုင်ပါအံ့ နည်း။ မဟာသေနေန=ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ များပြားလှသော သေမင်းစစ်သည်တွေရှိနေသော။ တေနမစ္စုနာ=ထိုသုံးဆယ့်တစ်နိုင်ငံ ပိုင်စံစိုးနင်း ရှင် သေမင်းနှင့်။ နော=ငါတို့အဖို့။ သင်္ဂရံ=ဘယ်နေ့ကျမှ သေပါရစေဆိုတဲ့ အချိန်းအချက်မျိုးသည်။ န နောအတ္ထိ– န ဝေအတ္ထိ=မရှိရိုးအမှန် ကေန်စင်စစ် ဖြစ်ပါပေတော့ သတည်း။ ။

❋

[၂၆]

# လိုတာမရ အို လောက

လောကမှာ ဘာကိုမှ အစိုးရတာ မရှိဘူး၊ အနတ္တချည်းပဲ။

ကိုယ့်အလိုအတိုင်း ဖြစ်တာရယ်လို့ ဘာမှမရှိဘူး။ အနတ္တဆိုတဲ့အတိုင်း ကိုယ်က ဒါလိုချင်ရင် ဟိုဟာကို ရတတ်တယ်။ ဟိုဟာကိုလိုချင်ရင် ဒါကိုရတတ်တယ်။ ပြောင်းပြန်သာရတတ်တဲ့ သဘာဝရှိတယ်။

မအိုချင်ပေမယ့်မရဘူး၊ မနာချင်ပေမယ့် မနေရဘူး၊ မသေချင်ပေမယ့် မနေရဘူး။ အိုကြ, နာကြ, သေကြရတယ်။

[၂၇]

## တစ်လောကလုံးနှင့်ဆိုင်သောတရား

**န ဂါမဓမ္မော န နိဂမဿဓမ္မော၊**
**န စာပိယံ ဧကကုလဿ ဓမ္မော။**
**သဗ္ဗဿ လောကဿ သဒေဝကဿ၊**
**ဧသောဝဓမ္မော ယဒိဒံ အနိစ္စတာ။**

ယဒိဒံ ယာအယံ အနိစ္စတာ=ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာတို့ ဖြစ်လာချုပ်လျက် ပျက်မစဲဘိ အကြင်အမြဲမရှိသည်၏ အဖြစ်သည်။ (အတ္ထိ=ရှိပါပေ၏)။ အယံ အနိစ္စတာ= ဤမမြဲသည်၏အဖြစ် အနိစ္စသဘောသည်။ နဂါမ ဓမ္မော=တစ်ရပ်တစ်ရွာ၏ အလေ့သဘောသာ မဟုတ် ပါပေ။ န နိဂမဿဓမ္မော=တစ်နိဂုံး တစ်မြို့တစ်နယ်၏ အလေ့သဘောသာမဟုတ်ပါပေ။ ဧကကုလဿ= တစ်မျိုးတစ်ဆွေ၏သာ။ န ဓမ္မော=ကွက်၍ ကြုံရသော အလေ့သဘောမဟုတ်ပါပေ။ ဧသ-ဧသော=ဤအနိစ္စ တာ မမြဲခြင်းသဘောလက္ခဏာသည်။ သဒေဝကဿ= နတ်ပြဟ္မာနှင့်တကွဖြစ်သော။ သဗ္ဗဿ လောကဿ= သတ္တဝါမှန်သမျှ တစ်လောကလုံး၏။ ဓမ္မောဝေ= မလွဲ တမ်းကြုံရမည့် နိယာမသဘောသာ ဖြစ်ပါပေသတည်း။

❄

[၂၈]

# ဘုရားသော်မှရှောင်မရ

**သတ္ထာဒေဝမနုဿာနံ၊**
**ဝသီသောပိ မုနိဿရော။**
**ဂတော နိဗ္ဗုတိံ သဗ္ဗေ၊**
**သင်္ခါရာ န ဟိ သဿတာ။**

ဒေဝမနုဿာနံ=လောကဓာတ်သူ နတ်လူပြဟ္မာတို့၏။ သတ္ထာ=ဆရာတစ်ဆူဖြစ်တော်မူသော။ ဝသီ=ဝသီဘော်ငါး စွမ်းအားအပြည့် သတ္တိလည်းရှိတော်မူထသော။ သောပိ မုနိဿရော=မုနိတို့ထွင့်တင် ထိုရှင်တော်မြတ်ဘုရားသော်မှ။ နိဗ္ဗုတိ=နိဗ္ဗာန်ယူသိမ်းငြိမ်းတော်မူခြင်းသို့။ ဂတော=နောက်မပေါ်လာ ရောက်တော်မူရသည်သာတည်း။ ဟိ=ရှင်တော်မြတ် နိဗ္ဗာန်ယူသိမ်းငြိမ်းတော်မူရသည်မှာ ဖြစ်သင့်ပါပေ၏။ သင်္ခါရာ=ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ သင်္ခါရတရားတို့သည်။ နသဿတာ= ပျက်မစဲဘိ အမြဲမရှိပါပေ။

❄

[၂၉]

# ကိုယ်ပိုင်ဘာမှမရှိ

**အသကော လောကော၊**

**သဗ္ဗံ ပဟာယ ဂမနီယံ။**

လောကော=လောကကြီးသည်။ အသကော= ကိုယ်ပိုင်ဥစ္စာမရှိပါပေ။ သဗ္ဗံ=ရှိပါတယ်ဆိုတဲ့ပစ္စည်း ဥစ္စာရတနာကလေးတွေကို။ ပဟာယ=တစ်နေ့သော အခါ ပယ်စွန့်ခွာ၍။ ဂမနီယံ=သွားရမှာချည်းပါတကား။

ပစ္စည်းဥစ္စာကလေးတွေဟာ တကယ့်ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး။ တစ်နေ့စွန့်ခွာသွားရမှာ။ ပစ္စည်းတွေ စွန့် သွားရ၊ ဆွေမျိုးမိတ်ဆွေတွေစွန့်သွားရ၊ အားလုံးကို စွန့် သွားရမှာချည်းပဲ။ ဘာမှ သူပိုင်ရယ် ငါပိုင်ရယ်လို့မရှိဘူး။

လူ့ဘဝရောက်လာတုန်းကလဲ ဘာမှမပါခဲ့ဘူး။ လူ့ဘဝကပြန်သွားတော့လဲ ဘာမှပါမသွားဘူး။ ဒါတွေဟာ ဘုန်းကြီးတို့အဖို့ အားလုံးဒကာဒကာမတွေ အဖို့ ဆရာပဲနော်။ ဆရာလို့ခေါ်တယ်။ လောကဥပဓ္ဓျာယ် တွေပဲ၊ လောကကြီးက နည်းညွှန်ပြနေတာ။

❋

## အနိစ္စဝတ သခါရာ

ဖြစ်လျှင် ပျက်ရ
သခါရ
မှချမမြဲပါတကား။

● ဤကုသလ၊ မြိုက်ဗီဇကို၊
နရမရူ၊ ဗိုလ်ရှင်လူအား၊
ရည်တူရရန်၊ ပတ္တိဒါန်ဖြင့်၊
မကျန်စေရ၊ ပေးဝေငှ၏။

● ဒီပမဏ္ဍိုင်၊ မိုးတစ်တိုင်မှ၊
အပြိုင်ရာထောင်၊ ထွန်းညှိဆောင်သား၊
မြားမြောင်ဆီမီး၊ ဆက်လျှောက်သီးသို့၊
ဝေးနီးဗိုလ်လူ၊ ထိုထိုသူလည်း၊
ကိုယ်တူရရောက်၊ မလန်းပေါက်သို့၊
ဝမ်းမြောက်အနု၊ မောဒနာပြုသည်၊
သာဓု… သာဓု… သာဓု ကိုယ်စိတ်ကိုယ်င
ခေါ်ကြပါစေသော်…။

အမှတ်
ရက်စွဲ

သပြေကန်ဆရာတော်ဘုရားကြီး

အရှင်ဝါသေဋ္ဌာဘိဝံသ

# မရဏာနုဿတိဘာဝနာ

